ကြေးမုံ The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်၊ စနေနေ့၊ (8-11-2014) (၈၀၁၈)

## စကားပြောရာ လိုက်နာသင့်သောအချက်များ

(၁) ပြောချိန်ပြောခွင့်သင့်မှ ပြောရခြင်း၊
(၂) ဟုတ်မှန်သောစကားကိုသာ ပြောရခြင်း၊
(၃) တရားနှင့်စပ်သော စကားကိုသာ ပြောရခြင်း၊
(၄) အကျိုးစီးပွားနှင့်စပ်သော စကားကိုသာ ပြောရခြင်း၊
(၅) ချစ်ဖွယ်သော စကားကိုသာ ပြောရခြင်း၊
(၆) ပြုံးရွှင်မှုရှေ့ထား၍ ပြောရခြင်း၊
(၇) မတိမရှည် မပိုမလွန် ချင့်ချိန်ပြောရခြင်း၊
(၈) အဆောတလျင် မပြောရခြင်း၊
(၉) ယဉ်ကျေးသူတို့၏ အသုံးအနှုန်းဓလေ့ကိုယူ၍ ပြောရခြင်း၊
(၁၀) သန့်ရှင်းသေချာတိကျပြတ်သားစွာ ပြောရခြင်း။

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပပြုလုပ်မည့် ဒေသတွင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲသို့ တက်ရောက်ရန်ထွက်ခွာ

**နေပြည်တော် နိုဝင်ဘာ ၇**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ကျင်းပမည့် ဒေသတွင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲသို့ တက်ရောက်ရန် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်မှ မြန်မာ အပြည်ပြည်ဆိုင်ရာ လေကြောင်း အထူးလေယာဉ်ဖြင့် ထွက်ခွာသွားသည်။

နိုင်ငံတော်သမ္မတအား ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများနှင့် တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ယန်ဟိုလန်တို့က နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)**

မြန်မာကိုယ်စားလှယ်အဖွဲ့အဖြစ် နိုင်ငံတော်သမ္မတနှင့် အတူ ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးအုန်းမြင့်၊ ဒေါက်တာကံဇော်၊ ဦးခင်မောင်စိုး၊ ဦးဝင်းရှိန်၊ ဒေါက်တာမြင့်အောင်၊ ဦးရဲထွဋ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်နှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

အဆိုပါ ဆွေးနွေးပွဲကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် တရုတ်နိုင်ငံအနေဖြင့် ဒေသတွင်း

**စာမျက်နှာ ၃ ကော်လံ ၅ သို့ ❖**



## မြန်မာ့ပညာရေးလောက၏ အရွေ့တစ်ခု

သတင်းနှင့်ဓာတ်ပုံ
နိုင်လင်းကြည်(ကြေးမုံ)
ရာမည(ကြေးမုံ)

"ပညာရေး ဝေးသည်မရှိ" ဆောင်ပုဒ်ကဲ့သို့ပင် မြန်မာနိုင်ငံတွင် ပညာရေးသင်ယူမှုအခွင့်အလမ်းများ တိုးပွားလာရေးအတွက် ကျေးလက်နှင့် နယ်စပ်ဒေသများပါမကျန် အခြေခံပညာ စာသင်ကျောင်းများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ခြင်း၊ ဆရာ ဆရာမများ ခန့်ထားဖြည့်ဆည်းပေးခြင်း၊ အခြေခံပညာ မူလတန်းနှင့် အလယ်တန်း အခမဲ့ပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း စသည်တို့ကို တာဝန်ရှိသူများက ဆောင်ရွက်ပေးလျက်ရှိသည်။ အဆိုပါ ကျောင်းသား ကျောင်းသူများ၏ မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့်တို့၏ နောက်ဆုံးအတန်းဖြစ်သည့် စတုတ္ထတန်းနှင့် အဋ္ဌမတန်းတို့တွင် ခရိုင်အဆင့်နှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့် စာမေးပွဲများကျင်းပ၍ ပညာအရည်အသွေးမြင့်မားရေးအတွက် စီစဉ်ဆောင်ရွက်နေကြောင်း သိရှိရသဖြင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို တင်ပြလိုက်ရပါသည်-

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ○**

## မုန်တိုင်းသတင်း

**နေပြည်တော် နိုဝင်ဘာ ၇**

ယနေ့ ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတွင်ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် သိသိသာသာရွေ့လျားခြင်းမရှိဘဲ မြန်မာနိုင်ငံ ပုသိမ်မြို့၏ အနောက်တောင်ဘက် မိုင် ၄၈၀ ခန့်၊ အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ အရှေ့-အရှေ့မြောက်ဘက် မိုင် ၃၉၀ ခန့်နှင့် ဗီဇာကာပတ္တနမ်မြို့၏ အရှေ့တောင်ဘက် မိုင် ၃၀၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါမုန်တိုင်းငယ်သည် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး နောက် ၄၈ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ အားလျော့သွားမည်ဟု ခန့်မှန်းရသည်။

**စာမျက်နှာ ၃ ကော်လံ ၅ သို့ ❒**



**ကြေးမုံစာတည်းရှုထောင့် ၈-၁၁-၂၀၁၄၊ စနေနေ့**

# ရာသီဥတုပြောင်းလဲမှုသတိပြု

ယခုအခါ မိုးအကုန် ဆောင်းအကူး ပွင့်လင်းရာသီကာလသို့ ရောက်ရှိလို့လာပြီဖြစ်သည်။ အမှန်တွင် ယခုကာလသည် မိုးလေကင်းစင်၍ "ဖုန်းတုန်းလုံးတုန်း တန်ဆောင်မုန်း" ရာသီကာလဖြစ်သည်။ သို့သော် လက်ရှိကာလတွင် မိုးသားတိမ်လိပ် တရိပ်ရိပ်ဖြင့် မြန်မာပြည်အောက်ပိုင်းဒေသများတွင် မိုးကြီးလေထန် မုန်တိုင်းဆန်သည့် အခြေအနေများ ကျရောက်နေပေသည်။ ထို့ကြောင့် မိဘပြည်သူများအနေဖြင့် ရာသီဥတုပြောင်းလဲမှုကို အသိတရားဖြင့် သတိထားနေထိုင်ပါမှ သင့်လျော်ပေမည်။

ပုံမှန်အားဖြင့် ရာသီပြောင်းကာလတွင် ကျန်းမာရေးအားဖြင့် အအေးမိ၊ နှာစေး၊ ချောင်းဆိုး၊ သလိပ်ကပ်၊ ဖျားနာခြင်း ဖြစ်စေတတ်၍ သတိထားဆင်ခြင်နေထိုင်ပါလျှင် ရာသီနာမှ ကင်းစင်မည်ဖြစ်သည်။ ဖုန်းတုန်းလုံးတုန်း တန်ဆောင်မုန်းကာလတွင် ကျေးလက်များတွင် သက်နုစပါးများ ရိတ်သိမ်းပြီးချိန်ဖြစ်သည်။ သက်ကြီးစပါးများမှာမူ သီးကင်းမှည့်ကာစ အချိန်အခါဖြစ်သည်။ ရိတ်သိမ်းပြီးစပါးနှံများမှာ တလင်းပြင်တွင်သာရှိသေးသည်။ သီးကင်းမှည့်စ စပါးများအား ရိတ်သိမ်းရန် ပြင်ဆင်နေချိန်ဖြစ်သည်။

ထိုအချိန်ကာလတွင် ရာသီဥတု ရုတ်တရက်အပြောင်းအလဲဖြစ်ပေါ်လာပြီး မိုးကြီးလေထန် ဥတုမမှန်မှုများ အချို့နေရာများတွင် ကြုံတွေ့လာရသည်။ ယင်းသည် ရာသီဥတုဖောက်ပြန်မှုဟုလည်း ဆိုနိုင်ပါသည်။ လက်တွေ့ရင်ဆိုင်နေရသည့်အကြောင်းမှာ ဘင်္ဂလားပင်လယ်အော်တွင် အိန္ဒိယနိုင်ငံဘက်သို့ ဦးတည်သွားနေသော မုန်တိုင်းအရှိန်ကြောင့် ကြီးမားသော မိုးတိမ်ထုကြီးဖြစ်ကာ အခါမဟုတ် မိုးရွာသွန်းခြင်း၊ လေပြင်းတိုက်ခြင်းများနှင့် ကြုံတွေ့နေရသည်။

စက်တင်ဘာလ နောက်ပိုင်းတွင် ဘင်္ဂလားပင်လယ်အော်၌ လေဖိအားနည်းရပ်ဝန်းများ၊ မုန်တိုင်းငယ်များ၊ မုန်တိုင်းကြီးများ ဖြစ်ပေါ်လာခဲ့သည်။ ထိုသို့ ဖြစ်ပေါ်လာခြင်းသည် ရာသီဥတုပြောင်းလဲမှုကြောင့်ဟု ပညာရှင်တို့က ဆိုကြသည်။ ထိုမုန်တိုင်းများကြောင့် မြန်မာနိုင်ငံတွင် အခါမဲ့မိုးများ၊ လေပြင်းတိုက်ခတ်မှုများနှင့် ကြုံတွေ့ကြရသည်။

မြန်မာနိုင်ငံ၏ရာသီကာလမှာ ရိတ်သိမ်းချိန်၊ ပွဲတော်ချိန်ဖြစ်၍ ထိုအချက်ကို သတိပြုသင့်သည်။ မြန်မာနိုင်ငံတစ်ဝန်းတွင် ပွဲတော်များကျင်းပလျက်ရှိသည်။ အချို့နေရာတွင် ပွဲစီစဉ်ထားပြီးဖြစ်၍ မဖြစ်မနေ ဆောင်ရွက်ရသောကြောင့် မဖြစ်သင့်မဖြစ်ထိုက်သည်တို့နှင့် ကြုံတွေ့ကြရသည်။ ထို့ကြောင့် လူအများစည်ကားသောပွဲတော်များတွင် သတိထားသင့်သည်။

မြန်မာနိုင်ငံအောက်ပိုင်းတွင် အခါလွန်မိုးများနှင့် လေပြင်းတိုက်ခတ်မှုများ ကြုံတွေ့နေသဖြင့် ရေလမ်းခရီးသွားများနှင့် တောင်သူလယ်သမားများ သတိထားသင့်သည်။ မိမိတို့ စိုက်ပျိုးထားသော ရိတ်သိမ်းခြွေလှေ့ စပါးများ ပျက်စီးဆုံးရှုံးမှုမဖြစ်အောင် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားသင့်သည်။ အချိန်အခါမဟုတ်မိုးကြောင့် ပျက်စီးဆုံးရှုံးမှုရှိနိုင်သည်ကို သတိထားရမည်။

အခါလွန်မိုးသည် မြန်မာနိုင်ငံတွင် နှစ်နှစ်တစ်ခါ ကြုံတွေ့ရလေ့ရှိသည်။ ကြုံတွေ့ရမှုများကို သင်ခန်းစာယူ၍ ပြင်ဆင်ဆောင်ရွက်ထားသင့်သည်။ မုန်တိုင်းဒဏ်ကြုံတွေ့နေရသော နိုင်ငံများတွင် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားသဖြင့် ဆုံးဆုံးရှုံးရှုံး ထိခိုက်မှုများနည်းသည်ကို မြင်တွေ့ရပေလိမ့်မည်။ မိမိတို့နိုင်ငံတွင် ၂၀၀၈ နာဂစ်မုန်တိုင်းကာလက ရက်များစွာ ကြိုတင်သတိပေးထားသော်လည်း အမှုမဲ့အမှတ်မဲ့ နေထိုင်ကြ၍ ဆုံးရှုံးမှုများစွာဖြစ်ပေါ်ခဲ့သည်ကို သင်ခန်းစာယူရမည်ဖြစ်သည်။

ယခုကာလတွင် မိမိတို့နိုင်ငံသို့ မုန်တိုင်းဝင်မည်မဟုတ်သော်လည်း ကြိုတင်ပြင်ဆင်ထားခြင်းသည်သာ အကောင်းဆုံးဖြစ်သည်။ လက်ရှိတွင် မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက မုန်တိုင်းသတင်းနှင့် ရာသီဥတု အခြေအနေကို ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာများမှ အဆက်မပြတ် အသိပေးလျက်ရှိသည်။ ထိုသတိပေးချက်နှင့်အညီ ရေကြီး၊ လေတိုက်ဖြစ်နိုင်သော နေရာဒေသများမှ မိဘပြည်သူများအနေဖြင့် သတိပြုဆင်ခြင် နေထိုင်သင့်ပါကြောင်း။ ။



# ပုလဲသွယ်စပ်မျိုးစပါး ဝတ်မှုန်ကူးပွဲတော်ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၇**

နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ကျားကူးအနောက်ကျေးရွာအဆင့်မြင့်စံပြစက်မှုလယ်ယာ ဧက(၁၀၀)စိုက်ကွင်း ပုလဲသွယ်စပ်မျိုးစပါး ဝတ်မှုန်ကူးပွဲတော်နှင့် စက်မှုလယ်ယာကဏ္ဍသို့ ကူးပြောင်းနိုင်ရေးအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် အဆိုပါ ဧက(၁၀၀) စိုက်ကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က တောင်သူများအနေဖြင့် တစ်ဧကအထွက်နှုန်း ဝမ်းစာမျှသာထွက်ရှိနိုင်သည့် မိရိုးဖလာ စပါးမျိုးများအစား တစ်ဧက တင်း(၁၅၀)ကျော်၊ (၂၀၀)အထက်ထွက်ရှိရန် သေချာသည့် စပ်မျိုးစပါးကို ပြောင်းလဲစိုက်ပျိုးခြင်းဖြင့် ငွေပိုငွေလျှံ စုဆောင်းနိုင်သည့် အခြေအနေသို့ ပြောင်းလဲကြရန် လိုအပ်ပါကြောင်း။

အထွက်နှုန်းသေချာသော မျိုးများပြောင်းလဲခြင်းနှင့်အတူ အထွက်နှုန်းသေချာသည့် သိပ္ပံနည်းကျ စိုက်နည်းစနစ်များကို ယနေ့ စိုက်ပျိုးရေးပညာရှင်များအနေဖြင့် ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိနေကြပြီဖြစ်ပါကြောင်း၊ ရေသယံဇာတ၊ မြေသယံဇာတကောင်းမွန်ပြီး လူသားအရင်းအမြစ် သယံဇာတကြွယ်ဝသည့် ထူးခြားသော အခြေခံကောင်းများနှင့် ပြည့်စုံသော မိမိတို့နိုင်ငံ၏ လယ်ယာကဏ္ဍကို တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် တောင်သူများအနေဖြင့် ဆင်းရဲတွင်းနက်နေသော ဘဝမှ လွတ်မြောက်နိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ ဦးကျော်ဆန်း၊ ဒေါက်တာကိုကိုဦး၊ ဒေါက်တာဒေါ်ခင်စန်းရီနှင့် ဦးမောင်မြင့်တို့က ဝန်ကြီးဌာနအလိုက် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ၏ လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများသည် ဝတ်မှုန်ကူးခြင်းဆောင်ရွက်နေမှု၊ စပ်မျိုးစပါး မျိုးသန့်ထုတ်လုပ်ထားရှိသည့် မျိုးနမူနာများ၊ အဆင့်မြင့်သန့်စင်စက်ဖြင့် မျိုးသန့်စပါးများ ကြိတ်ခွဲနေမှုနှင့် သန့်စင်ပြီးမျိုးစေ့နမူနာများကို ကြည့်ရှုလေ့လာကြသည်။(အပေါ်ပုံ)**(ကြေးမုံ)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၇**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၃၄၀၀၀ | - | ၆၃၅၀၀၀ |
| မန္တလေး | ရွှေဈေး | ၆၃၄၀၀၀ | - | ၆၃၅၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၁၈၀ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၄၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၀၀၂.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၅၃.၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၆၅.၅၈ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၀.၇၉၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၂.၈၆ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆.၄၇၃ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၈၇၈.၇၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၂.၇၇၆ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = ၈၆၆.၇၄ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၈၁.၅၆ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်

သတ်မှတ်ရည်ညွှန်းနှုန်း






စိန်နန်းတော်
စိန်ရွှေရတနာဆိုင်

တန်ဆောင်တိုင်အထူး Promotion
($1^{st}$ - $16^{th}$ November 2014)
5% - 30% off

တန်ဆောင်တိုင်အထူးလက်ဆောင်

သိန်း(၁၀၀) ဖိုးဝယ်ယူလျှင် – ရွှေဆွဲကြိုး
သိန်း (၅၀) ဖိုးဝယ်ယူလျှင် – TITAN လက်ပတ်နာရီ
(၁၀) သိန်း ဖိုးဝယ်ယူလျှင် – စိန်နန်းတော်တံဆိပ်တိုင်ကပ်နာရီ
(၇၅) သိန်း ဖိုးဝယ်ယူလျှင် – GSM Handset
(၂၅) သိန်း ဖိုးဝယ်ယူလျှင် – Revlon နှုတ်ခမ်းနီ
(၅) သိန်း ဖိုးဝယ်ယူလျှင် – စရိုးဆောင်အိတ်

ပင်ရင်းဆိုင် - အမှတ်(၆၆၃/၆၆၅)၊ မဟာဗန္ဓုလလမ်း၊ လသာလမ်းနှင့် လမ်း(၂၀)ကြား၊ လသာမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁ ၃၇၁၄၅၅၊ ၀၁ ၃၇၀၄၂၅၊ ၀၁ ၃၇၁၀၉၄
ဆိုင်ခွဲများ • တော်ဝင်စင်တာ • Junction Square Shopping Center • ဝမုန်းမွန်ကုန်တိုက်(ကမ္ဘာအေး) • Ocean Supercentre (ရွှေဂုံတိုင်)

ပြည်တွင်းရေးရာ

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆလိုဗက်နိုင်ငံ ဒုတိယဝန်ကြီးချုပ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၇**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဆလိုဗက်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် ဥရောပရေးရာဝန်ကြီး ဒေါက်တာ မီရိုဆလပ် လာဂျပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးမောင်မြင့်၊ ဦးဝင်းမြင့်၊ ဒေါက်တာကံဇော်၊ ဦးရဲထွန်း၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများတက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် စိုက်ပျိုးရေး၊ အခြေခံအဆောက်အအုံများ ထူထောင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ရေအရင်းအမြစ် စီမံခန့်ခွဲရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ငြိမ်းချမ်းရေးဆွေးနွေးမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည့် အလားအလာနှင့် ဆလိုဗက်သမ္မတနိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး အတွေ့အကြုံများကို ဆွေးနွေးခဲ့ကြသည်။

ချက်နှင့် ဆလိုဗက်နိုင်ငံများအဖြစ် သီးခြားရပ်တည်ခြင်းမပြုမီ ချက်ကိုဆလိုဗားကီးယား နိုင်ငံအဖြစ်ရှိစဉ် ၁၉၅၀ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်ကြား စိုက်ပျိုးရေးနှင့် စက်မှုကဏ္ဍများ၌ မြန်မာနိုင်ငံနှင့် ပူပေါင်းဆောင်ရွက်မှုအများအပြားရှိခဲ့ပြီး ဆလိုဗက်သမ္မတနိုင်ငံထူထောင်ပြီးနောက် ယခုခရီးစဉ်သည် ပထမဦးဆုံးအဆင့်မြင့်အရာရှိကြီးများ ခရီးစဉ်ဖြစ်သည်။ ယခုဆွေးနွေးပွဲတွင် ဆလိုဗက်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်က ဆလိုဗက်သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ထောက်ခံကြောင်းနှင့် မြန်မာ-ဥရောပသမဂ္ဂ ပူးပေါင်းဆောင်ရွက်ရေးမူဘောင်များအတွင်းမှ မြန်မာနိုင်ငံအား အကူအညီပေးမှုများတွင် ပူပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

# အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၇**

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို နိုဝင်ဘာ ၇ ရက်က ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို တက်ရောက်ချီးမြှင့်၍ အဖွင့်မိန့်ခွန်းပြောကြားသည်။




ထို့နောက် ဝန်ထမ်းများလုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးအတွက် ဗဟိုဝန်ထမ်းတက္ကသိုလ်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှု သင်တန်းကျောင်းသို့ စေလွှတ်တက်ရောက်ရာတွင် ထူးချွန်ဆုရရှိခဲ့သော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများအား ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

## ပုသိမ်မြို့ ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီးအား မသိုးသင်္ကန်းဆက်ကပ်

**နေပြည်တော် နိုဝင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့်ဇနီး ဒေါ်ခင်ဌေးမြင့်တို့သည် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့်အတူ နိုဝင်ဘာ ၅ ရက် ည ၇ နာရီတွင် ပုသိမ်မြို့ ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီးအားဖူးမြော်၍ မသိုးသင်္ကန်း ယှဉ်ပြိုင်ရက်လုပ်မှုကို ကြည့်ရှုအားပေးခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးတို့သည် နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းတွင် ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီးနှင့် အေးငြိမ်းချမ်းသာ မဟာဆုတောင်းပြည့်စေတီတော်မြတ်ကြီးတို့အား မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

❖ **နိုင်ငံတော်သမ္မတမှ**

ဆက်စပ်ဆောင်ရွက်မှုကို ယခုနှစ်အတွက် အရေးကြီးသော ဦးစားပေးကဏ္ဍတစ်ခုအဖြစ် သတ်မှတ်ထားပြီး ဆွေးနွေးပွဲ၌ အာရှ-ပစိဖိတ်ဒေသတွင် အပြန်အလှန်အမှီသဟဲပြုသည့် ဖွံ့ဖြိုးတိုးတက်မှု၊ ပူးပေါင်းဆောင်ရွက်မှုရှိသည့် ဖွံ့ဖြိုးမှုနှင့် မူဝါဒရေးရာ ညှိနှိုင်းမှုတို့ကို မြှင့်တင်ရန် အေပက်ဆက်စပ်ဆောင်ရွက်မှုအခြေပြမြေပုံကို အတည်ပြုမည်ဖြစ်ကြောင်း မြန်မာနိုင်ငံအနေဖြင့် အဆိုပါ ဆွေးနွေးပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဖိတ်ကြားချက်အရ အထူးဧည့်သည်တော်အဖြစ် တက်ရောက်ခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

❒ **ရှေ့ဖုံးမှ**

မုန်တိုင်းငယ်သည် မြန်မာ့ကမ်းရိုးတန်းသို့ ဦးတည်ရွေ့လျားနေခြင်း မရှိသည့်အတွက် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

မုန်တိုင်းငယ်၏အရှိန်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ **(ကြေးမုံ)**





ချစ်ဖိုးသူဇာ
ကျိုက်ထီးရိုး/ ချောင်းသာ (နေ့စဉ်)
ပုပ္ပါး၊ ပုဂံ၊ ပခုက္ကူ
01-562829, 09-73198239
01-569782, 09-450006779

ဒဂုံမြို့သစ်(အရှေ့ပိုင်း)(တောင်ပိုင်း)၊
ဆိပ်ကမ်း၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ မြေကွက်များ
ဝယ်လိုသည်။
ဖုန်း-၀၉၄၃၀၈၉၂၀၃၊ ၀၉၄၂၇၂၆၉၄၅

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (သောကြာ)
Ph:209200, 430480, 544383



# အေပက်အစည်းအဝေး ကျင်းပချိန်ကာလအတွင်း ပေကျင်း၌ လေထုညစ်ညမ်းမှုလျှော့ချရန်စီစဉ်



မြို့တော်ပေကျင်း၌ အေပက်အစည်းအဝေးအတွက် ပြင်ဆင်ဆောင်ရွက်ထားသည်ကို တွေ့ရစဉ်။

ပေကျင်း နိုဝင်ဘာ ၇

**အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့(အေပက်) အစည်းအဝေး ကျင်းပချိန်ကာလအတွင်း လေထုလွှာအရည်အသွေး တိုးတက်စေရန် ရည်ရွယ်လျက် မြို့တော်ပေကျင်းအနီးရှိ မြို့ကြီးများနှင့် အိမ်နီးချင်းပြည်နယ်များ၌ မော်တော်ယာဉ်များ မောင်းနှင်မှုနှင့် စက်ရုံများ လည်ပတ်မှုတို့ကို ယာယီပိတ်ပင်ထားမည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက နိုဝင်ဘာ ၇ ရက်တွင် သတင်းထုတ်ပြန်သည်။**

နိုဝင်ဘာ ၅ ရက်မှ ၁၁ ရက်အထိ ကျင်းပမည့် အေပက်ညီလာခံကို မြို့တော်ပေကျင်း၌ ကျင်းပမည်ဖြစ်သည်။ တရုတ်နိုင်ငံသည် ၂၀၀၁ ခုနှစ်တွင် အေပက် ထိပ်သီးအစည်းအဝေးကို အိမ်ရှင်နိုင်ငံအဖြစ် ရှန်ဟိုင်းမြို့၌ နောက်ဆုံးလက်ခံကျင်းပခဲ့သည်။

မြို့တော်ပေကျင်း၌ လေထုညစ်ညမ်းမှု လျှော့ချနိုင်ရေးနှင့် လမ်းများ သန့်ရှင်းမှုရှိစေရန် နိုဝင်ဘာ ၃ ရက်မှ ၁၂ ရက်အထိ ကာလအတွင်း မော်တော်ယာဉ်များကို လိုင်စင်နံပါတ်စုံဂဏန်း၊ မဂဏန်း ခွဲခြားလျက် အလှည့်ကျစနစ်ဖြင့်သာ မောင်းနှင်ခွင့်ပြုမည်ဖြစ်သည်။

အေပက်ထိပ်သီးဆွေးနွေးပွဲကာလအတွင်း မြို့တော်ပေကျင်းရှိ လမ်းများပေါ်တွင် မြေသယ်ယာဉ်၊ ကျောက်သယ်ယာဉ်နှင့် ဓာတုပစ္စည်းသယ်ယာဉ်တို့ကို ဖြတ်သန်းမောင်းနှင်ခြင်းမပြုရန် အာဏာပိုင်များက တားမြစ်ပိတ်ပင်ထားသည်။ ၎င်းပြင် ထရပ်ကားများ၊ မော်တော်ဆိုင်ကယ်များ၊ လယ်ထွန်စက်များနှင့် မီးခိုးထုတ်လွှတ်မှုများပြားသော ခရီးသည်တင်ကားများကို ပေကျင်း၏ ဆဋ္ဌမမြို့ပတ်လမ်းအတွင်း ဝင်ရောက်ခွင့်ပြုမည်မဟုတ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ **ပီတီအိုင်။**

# ကူးတို့သင်္ဘောနစ်မြုပ်မှုစုံစမ်းရန် တောင်ကိုရီးယားပါလီမန် အတည်ပြု

ဆိုးလ် နိုဝင်ဘာ ၇

**တောင်ကိုရီးယားနိုင်ငံ၌ ပြီးခဲ့သည့်ဧပြီလက ကူးတို့သင်္ဘောနစ်မြုပ်ခဲ့သည့်ဖြစ်ရပ်နှင့် ပတ်သက်၍ လွတ်လပ်သော စုံစမ်းစစ်ဆေးမှုတစ်ရပ်ပြုလုပ်ရန် ဖော်ပြသည့် ဥပဒေကြမ်းကို ပါလီမန်က နိုဝင်ဘာ ၇ရက်တွင် အတည်ပြုပေးလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၇ ရက်တွင် သတင်းထုတ်ပြန်သည်။**


ကူးတို့သင်္ဘော နစ်မြုပ်မှုဖြစ်ပွားပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နေသည့် မှတ်တမ်းပုံ။

လွတ်လပ်သော စုံစမ်းစစ်ဆေးရေး အဖွဲ့တွင် အဖွဲ့ဝင် ၁၇ ဦး ပါဝင်မည်ဖြစ်ပြီး ၁၈ လကြာ စုံစမ်းစစ်ဆေးမှု ပြုလုပ်မည်ဖြစ်သည်။ ကူးတို့ သင်္ဘောနစ်မြုပ်မှုကြောင့် သေဆုံးခဲ့ရသူများ၏ မိသားစုဝင်များမှ ပုဂ္ဂိုလ်သုံးဦးကိုလည်း ယင်းအဖွဲ့၏ အဖွဲ့ဝင်များအဖြစ် ရွေးချယ်ခန့်အပ်မည်ဖြစ်ကြောင်း ပါလီမန်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**လူပေါင်း ၃၀၀ ကျော်သေဆုံး**

ဆီအိုးအမည်ရှိ ကူးတို့သင်္ဘောတစ်စင်းသည် ဧပြီလအတွင်းက တောင်ပိုင်းပင်လယ်ကမ်းရိုးတန်း ကမ်းလွန်၌ နစ်မြုပ်ခဲ့ရာ လူပေါင်း ၃၀၀ ကျော် သေဆုံးခဲ့ရသည်။ သေဆုံးသူအများစုမှာ အထက်တန်းကျောင်းသူ၊ ကျောင်းသားကလေးများဖြစ်ကြသည်။ **ပီတီအိုင်။**

# ဆန်ဒိုင်း ဓာတ်ပေါင်းဖိုနှစ်လုံး ပြန်လည်လည်ပတ်ရန် ကာဂိုရှီးမားခရိုင် အုပ်ချုပ်ရေးမှူး သဘောတူ

တိုကျို နိုဝင်ဘာ ၇

**၂၀၁၁ ခုနှစ်တွင် ဖူကူရှီးမား နျူကလီးယားဓာတ်အားပေးစက်ရုံအရည်ပျော်ကျမှု ဖြစ်ပွားပြီးကတည်းက ပထမဆုံးအကြိမ်အဖြစ် ဆန်ဒိုင်းနျူကလီးယားဓာတ်အားပေးစက်ရုံ၏ ဓာတ်ပေါင်းဖိုနှစ်လုံးကို ပထမဆုံးအကြိမ် ပြန်လည်စတင်လည်ပတ်တော့မည်ဖြစ်ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။**

ကာဂိုရှီးမားခရိုင်အုပ်ချုပ်ရေးမှူး၏ ယင်းသဘောတူညီမှုသည် ယင်းဓာတ်ပေါင်းဖိုများ ပြန်လည်လည်ပတ်ရေးအတွက် နောက်ဆုံးအဟန့်အတားကို ဖယ်ရှားပေးလိုက်ခြင်းလည်း ဖြစ်သည်။ ၎င်းနျူကလီးယားဓာတ်ပေါင်းဖိုနှစ်ခုသည် လာမည့်နှစ်အတွင်း ပြန်လည်စတင်လည်ပတ်နိုင်ဖွယ်ရှိသည်။

၂၀၁၁ ခုနှစ် ဆူနာမီရေလှိုင်းဒဏ်နှင့် မြေငလျင်လှုပ်ခတ်မှုများမတိုင်မီက ဂျပန်နိုင်ငံ၏ လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုပမာဏ၏ ၃၀ ရာခိုင်နှုန်းကို နျူကလီးယား ဓာတ်အားပေးစက်ရုံများမှ ထုတ်လုပ်ဖြည့်ဆည်းပေးခဲ့သည်။

လတ်တလောကာလတွင် ဂျပန်နိုင်ငံအတွင်းရှိ နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ၄၈ ရုံကို ပိတ်ထားဆဲဖြစ်ပြီး ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက အဆိုပါ လျှပ်စစ်ဓာတ်အားစက်ရုံများ ပြန်လည်လည်ပတ်ရေးအတွက် စည်းရုံးလှုံ့ဆော်လျက်ရှိသည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးအစိုးရက နျူကလီးယားစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများပိတ်တားရခြင်းသည် နိုင်ငံ၏စီးပွားရေးကို အထိနာစေကြောင်း၊ ယင်းစက်ရုံများ ပိတ်ထားရခြင်းအတွက် ဂျပန်နိုင်ငံအနေဖြင့် စွမ်းအင်ထုတ်လုပ်ရေးအတွက် ရုပ်ကြွင်းလောင်စာ (ရေနံ)ကို ဈေးကြီးပေး၍ တင်သွင်းနေရကြောင်းနှင့် ယင်းလောင်စာများကို အသုံးပြု၍ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုမရှိစေရေးအတွက် လုပ်ဆောင်နေရကြောင်း ပြောကြားခဲ့သည်။

ယခုနှစ်အစောပိုင်းတွင် ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက နျူကလီးယားစွမ်းအင်အသုံးပြု၍ စွမ်းအင်ထုတ်လုပ်ရေး အစီအစဉ်အား ထောက်ခံအတည်ပြုခဲ့ခြင်းအပေါ် ဂျပန်ပြည်သူအများစုက စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်ခဲ့သည်။ **ဘီဘီစီ။**

# အိန္ဒိယစပိုက်ဂျက်လေကြောင်းမှ လေယာဉ်တစ်စင်း မြေပြင်မှပျံ့အတက်တွင် ကျွဲတစ်ကောင်အားတိုက်မိ

စူရတ် နိုဝင်ဘာ ၇

အိန္ဒိယလေကြောင်းလိုင်းတစ်ခုမှ လေယာဉ်တစ်စင်းသည် နိုဝင်ဘာ ၆ ရက်က နိုင်ငံအနောက်ပိုင်း စူရတ်မြို့ရှိ လေယာဉ်ကွင်းမှ ပျံ့အတက်တွင် သင်းကွဲကျွဲတစ်ကောင်အား တိုက်မိခဲ့ကြောင်းနှင့် ယင်းမတော်တဆဖြစ်ရပ်ကြောင့် လေယာဉ်ပေါ်ပါ ခရီးသည်နှင့် လေယာဉ်အမှုထမ်းများ ဒဏ်ရာရမှုမရှိကြောင်း ဒေသဆိုင်ရာသတင်းတွင် ဖော်ပြသည်။

ယင်းဖြစ်ရပ်ကြောင့် လေယာဉ်ထိခိုက်ပျက်စီးမှုအား စစ်ဆေးရန်အတွက် မြေပြင်သို့ ပြန်လည်ဆင်းသက်ခဲ့ရသည်။ အဆိုပါလေယာဉ်သည် ခရီးသည်နှင့် လေယာဉ်အဖွဲ့သား ၁၄၆ ဦးကို တင်ဆောင်ကာ ဒေလီမြို့သို့ ဦးတည်ပျံသန်းခြင်းဖြစ်သည်။

ကျွဲကိုတိုက်မိခဲ့ခြင်းမှာ အခြေခံအားဖြင့် မြင်ကွင်းကို ဆန့်ကျင်နေသည့် အနက်ရောင်နောက်ခံကြောင့်ဖြစ်ပြီး အတိုက်ခံရသောကျွဲမှာ သေဆုံးသွားသည်ဟု အဆိုပါလေကြောင်းဌာနက ပြောကြားသည်။

စပိုက်ဂျက်လေကြောင်းလိုင်းသည် အိန္ဒိယပြည်တွင်းလေကြောင်းလိုင်းများအနက် စတုတ္ထအကြီးဆုံးလည်းဖြစ်သည်။

အခင်းဖြစ်လေယာဉ်ပေါ်မှခရီးသည်များအား အခြားလေယာဉ်တစ်စင်းသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်းသတင်းတွင် ဖော်ပြသည်။ **ဘီဘီစီ။**

# ခိုယာဆန်အဖွဲ့ပစ်မှတ်များအား အမေရိကန်က လေကြောင်းမှ တိုက်ခိုက်

ဝါရှင်တန် နိုဝင်ဘာ ၇

**ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်းဒေသမှ အယ်လ်ခိုင်ဒါအဖွဲ့နှင့်ဆက်နွှယ်မှုရှိသည့် ခိုယာဆန်စစ်သွေးကြွအဖွဲ့အား လေကြောင်းမှတိုက်ခိုက်မှုများပြုလုပ်နေကြောင်း အမေရိကန်စစ်ဘက်က ယမန်နေ့က ပြောကြားသည်။**

တူရကီနိုင်ငံ နယ်စပ်အနီးရှိ ၎င်းအဖွဲ့နှင့် ဆက်နွှယ်သော ပစ်မှတ်ငါးခုကို အမေရိကန် စစ်လေယာဉ်များက ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ၎င်းတို့ထဲတွင် အဆောက်အအုံများနှင့် မော်တော်ယာဉ်များလည်း ပါဝင်သည်။

ယင်းတိုက်ခိုက်မှုကြောင့် စစ်သွေးကြွလက်နက်ကိုင်အချို့နှင့် ကလေးငယ်နှစ်ဦး သေဆုံးကြောင်း ဗြိတိန်အခြေစိုက် ဆီးရီးယားလူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့က ပြောကြားသည်။

ယခုတိုက်ခိုက်မှုမှာခိုယာဆန်အဖွဲ့၏ ပစ်မှတ်များအား အမေရိကန်၏ ဒုတိယအကြိမ် လေကြောင်းတိုက်ခိုက်မှု ဖြစ်သည်။ ခိုယာဆန်အဖွဲ့သည် အမေရိကန်ပြည်ထောင်စုနှင့် ဥရောပ၌ တိုက်ခိုက်မှုများပြုလုပ်ရန် စီစဉ်နေကြောင်း စွပ်စွဲပြောကြားမှုများရှိသည်။

အမေရိကန်အလယ်ပိုင်းစစ်ဌာနချုပ်က ထုတ်ပြန်သော ကြေညာချက်၌ နိုဝင်ဘာ ၆ ရက်တွင် ဆာမာဒါမြို့အနီး၌ ယာဉ်အချို့နှင့် အဆောက်အအုံများအား တိုက်ခိုက်ခဲ့ကြောင်း၊


အယ်လ်ခိုင်ဒါအဖွဲ့နှင့် ဆက်နွှယ်မှုရှိသော ခိုယာဆန်စစ်သွေးကြွအဖွဲ့ကို တွေ့ရစဉ်။

ယင်းတို့မှာ စစ်သွေးကြွများ၏ လေ့ကျင့်ရေးနှင့် ဖောက်ခွဲရေးပစ္စည်းများ ထုတ်လုပ်ရာတွင် အသုံးပြုသည့်နေရာဖြစ်ကြောင်း ဖော်ပြခဲ့သည်။လေကြောင်းမှတိုက်ခိုက်ခဲ့သော ပစ်မှတ်တစ်ခုမှာ ပြင်သစ်နိုင်ငံသား စစ်သွေးကြွ ဒေးဗစ် ဒူဂျီဝမ်ဖြစ်ပြီး ၎င်းမှာ ခိုယာဆန်အဖွဲ့နှင့် ပူးပေါင်းထားသူဖြစ်ကြောင်း အမည်မဖော်ပြသည့် အမေရိကန် အထက်တန်းအရာရှိတစ်ဦးက သတင်းထောက်များအား ပြောကြားသည်။

လေကြောင်းမှ တိုက်ခိုက်မှုအတွင်း၌ ၎င်းသေဆုံးခြင်းရှိမရှိကို ရှင်းလင်းစွာ မသိရသေးကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အမေရိကန်တာဝန်ရှိသူများက ထုတ်ပြန်သော အခြားကြေညာချက်များနှင့် စာလျှင် ခိုယာဆန်အဖွဲ့၏အကြောင်းကို အနည်းငယ်မျှသာ သိရှိရသေးသည်။

ခိုယာဆန်အဖွဲ့သည် အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်ဒေသများမှ စစ်ပြန်တိုက်ခိုက်ရေးသမားများနှင့် ထူထောင်ထားခြင်းဖြစ်ပြီး ၎င်းတို့သည် ဆီးရီးယားအခြေစိုက် အယ်လ်ခိုင်ဒါအဖွဲ့ခွဲ အယ်လ်နူစရာတပ်ဦး၌လည်း စူးစိုက်ပါဝင်ကြသည်။

**အသုံးချနေ**

ယင်းအဖွဲ့သည် အနောက်အုပ်စုအား တိုက်ခိုက်ရန် ဆီးရီးယားအား အခြေစိုက်စခန်းအဖြစ် အသုံးချနေကြောင်း အမေရိကန်အလယ်ပိုင်း စစ်ဌာနချုပ်၏ ကြေညာချက်တွင် ဖော်ပြသည်။

ဆီးရီးယားနိုင်ငံတွင်းမှ အိုင်အက်စ်တိုက်ခိုက်ရေးသမားများအား အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းတပ်ဖွဲ့က စက်တင်ဘာ ၂၃ ရက်က လေကြောင်းမှ စတင်တိုက်ခိုက်စဉ်အတွင်း ခိုယာဆန်အဖွဲ့အား ပထမအကြိမ် တိုက်ခိုက်ခဲ့ဖူးသည်။

ဘီဘီစီ။

**ပြည်တွင်းရေးရာ**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဖလား တိုင်းဒေသကြီးနှင့် ပြည်နယ် နပန်းအားကစားပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၇**

အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် နိုဝင်ဘာ ၇ ရက်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ဝေသာလီအားကစားခန်းမသို့ ရောက်ရှိပြီး ရခိုင်ပြည်နယ် ဝန်ကြီးချုပ်ဖလား တိုင်းဒေသကြီးနှင့်ပြည်နယ် နပန်းအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။

အစီအစဉ်အရ ဘင်ခရာအဖွဲ့၊ အားကစားအဖွဲ့နှင့် အကအဖွဲ့များ၊ သရုပ်ပြအဖွဲ့များ ကွင်းအတွင်း ဝင်ရောက်နေရာယူကြပြီး ဖွင့်ပွဲအခမ်းအနားမစတင်မီ ရခိုင်တိုင်းရင်းသူ အဆိုတော် မရီလှိုင်ပြာနှင့်မဒိုးကလေးတို့က 'ထွန်းသစ်စ အာရှကျား' သီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်သည်။

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ရခိုင်ပြည်နယ် ဝန်ကြီးချုပ်တို့က ပြိုင်ပွဲဝင်အားကစားအသင်းများကို တစ်သင်းချင်း လိုက်လံတွေ့ဆုံကာ နှုတ်ဆက်အားပေးစကား ပြောကြားကြသည်။

ယင်းနောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုကာ ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာသွားကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ်မှ မျိုးဆက်သစ်အားကစားသမားများက မြေပြင်ကျွမ်းဘားစွမ်းရည်များဖြင့် သရုပ်ပြသကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ်သို့ ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းက ဂုဏ်ပြုဆုငွေပေးအပ်ရာ သရုပ်ပြအားကစားသမားများက လက်ခံရယူသည်။

ယင်းနောက် တိုင်းရင်းသူအဆိုတော် ညာစိမ်းခိုင်က ကျောင်းသူကလေးများနှင့်တွဲဖက်ကာ 'ရိုးမယံဆီ' သီချင်းကိုဖျော်ဖြေကာ ဖွင့်ပွဲအခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းလိုက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ၂၀၁၄ ခုနှစ် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဖလား တိုင်းဒေသကြီးနှင့်ပြည်နယ် နပန်းအားကစားပြိုင်ပွဲ ပထမနေ့ပွဲစဉ်များကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရှိရသည်။ **(ကြေးမုံ)**

# ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၇**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ဆလိုဗက်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် ဥရောပရေးရာဝန်ကြီး ဒေါက်တာ မီရိုဆလပ် လာဂျက်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံ၍ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စများကို ဆွေးနွေးကြကြောင်း သိရသည်။**(ကြေးမုံ)**

# ဆိုင်ကယ်အစား စက်ဘီးစီး၍သွားလာလည်ပတ်ကြသော နိုင်ငံခြားသားများ

**သီပေါ နိုဝင်ဘာ ၇**

ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ ကမ္ဘာလှည့်နိုင်ငံခြားသားခရီးသည်များ ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့သို့ တဖွဲဖွဲဝင်ရောက်လာလျက်ရှိသည်။ အဆိုပါနိုင်ငံခြားသားဧည့်သည်များမှာ မန္တလေး၊ ပြင်ဦးလွင်မြို့တို့မှတစ်ဆင့် ကား၊ ရထားတို့ဖြင့် သီပေါမြို့သို့ လာရောက်ကြခြင်းဖြစ်သည်။ ရထားဖြင့်လာပါက နောင်ချိုမြို့နှင့် ကျောက်မဲမြို့အကြားရှိ နာမည်ကျော် ဂုတ်ထိပ်သံတံတားကြီးကို ဖြတ်ကျော်ရင်း ရထားလမ်း၏ရှုခင်းအလှအပများကို ရှုစားခဲ့ရမည်ဖြစ်သည်။ ကားဖြင့်လာပါက နောင်ချိုမြို့အနီးမှ ဂုတ်တွင်းကားလမ်း၏ အတက်အဆင်းအလှများကို ခံစားခဲ့ရမည်ဖြစ်သည်။

သီပေါသို့ရောက်ရှိပါက လိုင်စင်ရဟိုတယ်များတွင် တည်းခိုပြီး နှစ် ၉၀ သက်တမ်းရှိ သီပေါဟော်နန်း အဆောက်အအုံကြီးကို ဝင်ရောက်လေ့လာ၍ ပတ်ဝန်းကျင်အလှအပများ လှည့်လည်လေ့လာကြည့်ရှုနိုင်ကြမည်ဖြစ်သည်။ ယင်းကဲ့သို့ သီပေါမြို့ပတ်ဝန်းကျင်သို့ သွားရောက်လေ့လာသည့်အခါ အချို့က သုံးဘီးယာဉ်စင်းလုံးငှား၍ သွားကြသည်။ အချို့က ခြေကျင်သွားလာလည်ပတ်ကြသည်။ သီပေါမြို့တွင် မော်တော်ယာဉ်နှင့် ဆိုင်ကယ်အန္တရာယ်မှ ကင်းဝေးနိုင်ရေးအတွက် နိုင်ငံခြားသားများကို ဆိုင်ကယ်စီးနင်းခြင်းမပြုရန် သက်ဆိုင်ရာဟိုတယ်များမှ တစ်ဆင့် ညွှန်ကြားထားကြောင်းသိရသည်။ သို့ဖြစ်၍ သီပေါမြို့ပတ်ဝန်းကျင်နှင့်ကျေးရွာလေးများသို့ စက်ဘီးစီး၍ သွားလာလည်ပတ်မှုများခဲ့ကြသည်။ စက်ဘီးများကိုမူ တည်းခိုရာဟိုတယ်က စီစဉ်ငှားရမ်းပေးခဲ့ရကြောင်း သိရသည်။

"နိုင်ငံခြားသားဧည့်သည်တွေကို အန္တရာယ်ဖြစ်မှာ စိုးရိမ်လို့ ဆိုင်ကယ်မစီးနင်းဖို့ တားမြစ်ထားပါတယ်။ အဲဒီအတွက် ဆိုင်ကယ်အစား စက်ဘီးစီးသွားလိုတဲ့ နိုင်ငံခြားသားတွေအတွက် ဟိုတယ်ကပဲ စက်ဘီးကောင်းကောင်းတွေကို စီစဉ်ပေးခဲ့ရပါတယ်။ ခုလိုစက်ဘီးစီးပြီးသွားလာရတာကိုလည်း သူတို့က သဘောကျနှစ်ခြိုက်ကြပါတယ်"ဟု ဟိုတယ်တစ်ခုမှ တာဝန်ခံတစ်ဦးကပြောသည်။

**(သီပေါကိုလတ်)**

■

# တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် ဆလိုဗက်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့ တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၇**

တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် ဆလိုဗက်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် ဥရောပရေးရာဝန်ကြီး ဒေါက်တာ မီရိုဆလပ် လာဂျက်တို့သည် ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ လွှတ်တော်ရေးရာကော်မတီအဆောင် အမှတ်(၁၂)၌ တွေ့ဆုံခဲ့ကြသည်။ **(သတင်းစဉ်)**



# ရှေးဟောင်းနှစ်ဖက်သွားပါ ပုဆိန်ကျောက်ချောလက်နက် တူးဖော်တွေ့ရှိ

**နေပြည်တော် နိုဝင်ဘာ ၇**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျီးသဲကျေးရွာအုပ်စုရှိ လွန်ခဲ့သော နှစ်ပေါင်း ၂၀၀ ခန့်က မီးလောင်ပျက်စီးတိမ်မြုပ်ပျောက်ကွယ်လျက်ရှိသော ကျီးသဲလေးထပ်ဆရာတော်ကြီး အရှင်မုနိန္ဒာဘိဓဇ၏ မူလလေးထပ်ကျောင်းဟောင်း နေရာ ရှာဖွေဖော်ထုတ်ရေးကိစ္စအား နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ပြည်မြို့ ကန်ဦးကျောင်းဆရာတော်ကြီး ကျီးသဲကျေးရွာသံဃနာယကအဖွဲ့နှင့် ဒေသခံဂေါပကအဖွဲ့တို့က ယဉ်ကျေးမှုဝန်ကြီးဌာနသို့ တင်ပြအကူအညီတောင်းခံချက်အရ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပြည်ဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးတင့်အောင် ဦးစီးအဖွဲ့တို့က ကွင်းဆင်းလေ့လာသုတေသနပြု ရှာဖွေဖော်ထုတ်ခဲ့သည်။ အောက်တိုဘာ ၂၆ ရက် နံနက် ၉ နာရီ ၁၈ မိနစ်ခန့်တွင် ကျီးသဲလေးထပ်မူလကျောင်းဟောင်း မြေမြုပ်ကျွန်းတိုင်နေရာအားရှာဖွေတွေ့ရှိ အတည်ပြုနိုင်ခဲ့ပြီး ဆက်လက်သုတေသနပြု ရှာဖွေဖော်ထုတ်ခဲ့ရာ ကျီးသဲလေးထပ်သာသနာ့နယ်မြေ အနောက်မြောက်ဘက်တွင် မြေအောက် နှစ်မီတာအနက်မှ ကျောက်ခေတ်သစ်မှ ကျောက်ချောလက်နက် (နှစ်ဖက်အသွားပါ ပုဆိန်) တစ်ခုအား တူးဖော်တွေ့ရှိခဲ့ရာ လွန်ခဲ့သော ရှေးနှစ်ပေါင်းများစွာက ကျောက်ခေတ်လူသားတို့ ကျင်လည်ကျက်စားရာ ဧရာဝတီမြစ်ကမ်းဆင့်နေရာဖြစ်မည်ဟု ခန့်မှန်းယူဆဖော်ထုတ်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**စာပေမြင့်မှ လူမျိုးတင့်မည်**

ရွှေနဂါး
(ဝရိတ်ငြိမ်း)
ကျိုက်ထီးရိုး(နေ့စဉ်)-35000
ချောင်းသာ (နေ့စဉ်)-45000
ကားမျိုးစုံ စီးလုံးငှားသည်။
209077, 209388, 09-73167000

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

မြေကွက်များဝယ်လိုသည်
ရန်ကုန်မြို့ဒဂုံမြို့သစ်
(အရှေ့ပိုင်း၊ဆိပ်ကမ်း
တောင်ပိုင်း၊ မြောက်ပိုင်း)
မြို့နယ်များရှိ မြေကွက်များ
ဝယ်လိုသည်။
-၀၉-၄၄၈၀၂၅၃၄၂
၀၉-၄၂၀၁၀၇၀၂၁
၀၉-၇၃၂၃၄၆၅၆



# မြန်မာနိုင်ငံနှင့် အာဆီယံ

အောင်ထူး

အာဆီယံဖွဲ့စည်းတည်ထောင်စဉ်ကပင် မြန်မာနိုင်ငံကို အာဆီယံအဖွဲ့အစည်းသို့ ဝင်ရောက်ရန် ဖိတ်ခေါ်ခဲ့ပါသည်။ သို့သော်လည်း စစ်အေးကာလဖြစ်နေခြင်း၊ မြန်မာနိုင်ငံအနေဖြင့် တိကျသော ကြားနေဝါဒနှင့် ဘက်မလိုက်ဝါဒကို တိကျစွာ လိုက်နာကျင့်သုံးနေခြင်း၊ အာဆီယံနိုင်ငံအချို့အနေဖြင့် ဆီးတိုးနှင့် ငါးနိုင်ငံ သဘောတူညီချက် စစ်အုပ်စုဝင်နိုင်ငံများဖြစ်နေခြင်း စသည်တို့ကြောင့် အာဆီယံသို့ ဝင်ရောက်ခြင်းမပြုခဲ့တာကို တွေ့ရှိရပါသည်။

၁၉၉၅ ခုနှစ် ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ၌ ကျင်းပပြုလုပ်သည့် ပဉ္စမအကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံနှင့် တစ်ဆက်တည်း ကျင်းပပြုလုပ်သည့် အရှေ့တောင်အာရှနိုင်ငံများမှ ခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးကို ထိုစဉ်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်။ ယင်းအစည်းအဝေးတွင် မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ အဏုမြူလက်နက်ကင်းမဲ့ဇုန်စာချုပ်(Southeast Asia Nuclear Weapon Free Zone Treaty)ကို ပါဝင်လက်မှတ်ရေးထိုးခဲ့ပါသည်။ ယင်းသို့ တက်ရောက်ခဲ့ခြင်းသည် မြန်မာနိုင်ငံ အာဆီယံသို့ ဝင်ရောက်နိုင်ရန်အတွက် အလှည့်အပြောင်းဖြစ်သည်ဟု ယူဆနိုင်ပါသည်။

၁၉၉၆ ခုနှစ် ဂျကာတာမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၂၉)ကြိမ်မြောက် အာဆီယံဝန်ကြီးအဆင့်အစည်းအဝေးသို့ မြန်မာနိုင်ငံအနေဖြင့် လေ့လာသူအဖြစ် တက်ရောက်ခဲ့ပြီးနောက် ၁၉၉၇ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့ပါသည်။

၁၉၉၇ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့ မြန်မာနိုင်ငံ အာဆီယံအဖွဲ့အစည်းအတွင်း စတင်ဝင်ရောက်ချိန်တွင် အာဆီယံသဘောတူညီချက်များကို အဖွဲ့ဝင်အဖြစ်ပါဝင်သည့် ပထမအခြေပြုစာချုပ်(Protocol for the Accession of the Union of Myanmar to ASEAN Agreements)ကို လည်းကောင်း၊ အာဆီယံစာချုပ်(၁၁)ခုတွင် လည်းကောင်း ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ၁၉၉၇ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့တွင် ဒုတိယအခြေပြုစာချုပ်(Second Protocol for the Accession of the Union of Myanmar to ASEAN Agreements)ကို လည်းကောင်း၊ အာဆီယံစာချုပ် ကိုးခုကိုလည်းကောင်း ပါဝင်လက်မှတ်ရေးထိုးခဲ့ပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်လာပြီးနောက် အာဆီယံစီးပွားရေးဆိုင်ရာစာချုပ်(၆)ခုကို (၂၃-၇-၁၉၉၇)ရက်နေ့တွင် လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

နောက်ပိုင်းမှာလည်း မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် အာဆီယံသဘောတူညီချက်များတွင် ပါဝင်လက်မှတ်ရေးထိုး အတည်ပြုခဲ့ပါသည်။

အာဆီယံအဖွဲ့ကြီးအနေဖြင့် မြန်မာနိုင်ငံအပေါ် အနောက်နိုင်ငံများက ဝေဖန်တိုက်ခိုက်မှုများကြားမှ အပြုသဘောဆောင်သည့် ထိတွေ့မှု(Constructive engagement)ကို လက်ကိုင်ထားပြီး မြန်မာနိုင်ငံကို အာဆီယံသို့ ဝင်ရောက်ခွင့်ပြုခဲ့ပါသည်။ အာဆီယံ၏ မူလရည်မှန်းချက်များမှာ အရှေ့တောင်အာရှဒေသရှိ နိုင်ငံအားလုံးပါဝင်သော အာဆီယံအသင်းကြီးဖြစ်ပေါ်လာရေးကို မျှော်မှန်းထားခဲ့သည့်အတွက်လည်း ဘရူနိုင်း၊ ဗီယက်နမ်၊ လာအို၊ မြန်မာ၊ ကမ္ဘောဒီးယား စသည့် နိုင်ငံများကို အာဆီယံအတွင်းသို့ ပါဝင်လာအောင် စည်းရုံးဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံက အာဆီယံအဖွဲ့ဝင်ဖြစ်လာသည့် အချိန်မှစပြီး မြန်မာနိုင်ငံကိစ္စဟာ အာဆီယံထိပ်သီးအစည်းအဝေး၊ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ အာဆီယံဒေသဆိုင်ရာဖိုရမ်တို့မှာ အာဆီယံနဲ့ဆွေးနွေးဖက်နိုင်ငံများအကြား ဆွေးနွေးစရာကိစ္စအဖြစ် ရှိနေခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ပါတီစုံဒီမိုကရေစီစနစ်သို့ လျှောက်လှမ်းမည့် နိုင်ငံတော်ရှေ့ဆက်လှမ်းမည့် လမ်းစဉ်(၇)ရပ်ကို တစိုက်မတ်မတ်အကောင်အထည်ဖော်ခဲ့ပါသည်။ အာဆီယံအနေဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စများကို ပြည်တွင်းနည်းလမ်းများဖြင့် အဖြေရှာဖြေရှင်းမှုကို ထောက်ခံခဲ့ပြီး မြန်မာနိုင်ငံအပေါ် အာဆီယံကအားပေးကူညီခဲ့ပါသည်။ အာဆီယံအနေဖြင့် ဒေသဆိုင်ရာရေးရာများကိုဒေသမှသာ တာဝန်ယူဖြေရှင်းရမည်ဆိုသည့် ခံယူချက်ကိုလည်း ထားရှိခဲ့ပုံရပါသည်။

အာဆီယံအဖွဲ့ဝင်ဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌရာထူးကို ၂၀၀၆ ခုနှစ်မှ အလှည့်ကျ တာဝန်ထမ်းဆောင်ရန်ဖြစ်ခဲ့သော်လည်း ထိုစဉ်က နိုင်ငံတော်ရှေ့ဆက်လှမ်းမည့် လမ်းပြမြေပုံကို အကောင်အထည်ဖော်နေချိန်ဖြစ်နေသည့်အတွက်ကြောင့်လည်းကောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌတာဝန်ထမ်းဆောင်ပါက အနောက်အုပ်စုနိုင်ငံများမှ သပိတ်မှောက်မှုများပြုလုပ်ပါက အာဆီယံ၏ပုံရိပ်ကိုထိပါးနိုင်သည့် အလားအလာရှိသည့်အတွက်ကြောင့် လည်းကောင်း၊ အာဆီယံဥက္ကဋ္ဌတာဝန်ထမ်းဆောင်မည့်အခွင့်အရေးကို လက်လွှတ်ခဲ့ပြီး မြန်မာနိုင်ငံကိုယ်စား အာဆီယံဥက္ကဋ္ဌရာထူးကို ဖိလစ်ပိုင်နိုင်ငံက လက်ခံဆောင်ရွက်ခဲ့ပါသည်။ ယင်းသို့ စွန့်လွှတ်ခဲ့စဉ်က မြန်မာနိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌရာထူးကို ထမ်းဆောင်ရန်အသင့်ဖြစ်ပါက ထမ်းဆောင်ခွင့်ပြုရန်ကိုလည်း သဘောတူညီခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် စည်းမျဉ်းစည်းကမ်းကို အခြေခံသည့် အာဆီယံအဖွဲ့အစည်း ဖြစ်ပေါ်လာရေးအတွက် အာဆီယံ ပဋိညာဉ်စာတမ်းပြုစုရေးတွင် တက်ကြွစွာပါဝင်ခဲ့ပါသည်။ ၂၀၀၇ ခုနှစ် နိုဝင်ဘာလမှာ အာဆီယံပဋိညာဉ်စာတမ်းကို လက်မှတ်ရေးထိုးခဲ့ပြီးနောက် ၂၀၀၈ ခုနှစ် (၄၁)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကာလအတွင်း မြန်မာနိုင်ငံက အာဆီယံပဋိညာဉ်စာတမ်းကို အတည်ပြုသည့် စာချွန်လွှာကို (၂၁-၇-၂၀၀၈) ရက်နေ့က ပေးအပ်ခဲ့ပါသည်။

၂၀၀၈ ခုနှစ် မေလ နာဂစ်မုန်တိုင်းကျရောက်ပြီးနောက် အာဆီယံသည် မြန်မာ-အာဆီယံ-ကုလသမဂ္ဂသုံးပွင့်ဆိုင်ဗဟိုအဖွဲ့ကိုဖွဲ့စည်းခဲ့ပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မြန်မာနှင့်နိုင်ငံတကာအသိုင်းအဝိုင်းအကြား ကြားခံဆောင်ရွက်လုပ်ဆောင်ပေးခဲ့ပါသည်။ နာဂစ်ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဒေသအတွင်း၏ပြဿနာကို ဒေသဆိုင်ရာအဖွဲ့အစည်းက ကူညီဖြေရှင်းရမည်ဆိုသည့် ခံယူချက်ဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

> **၁၉၉၆ ခုနှစ် ဂျကာတာမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၂၉)ကြိမ်မြောက် အာဆီယံဝန်ကြီးအဆင့်အစည်းအဝေးသို့ မြန်မာနိုင်ငံအနေဖြင့် လေ့လာသူအဖြစ် တက်ရောက်ခဲ့ပြီးနောက် ၁၉၉၇ ခုနှစ် ဇူလိုင်လ ၂၃ ရက် နေ့တွင် မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့ပါသည်။**

၂၀၁၁ ခုနှစ် မတ်လမှာ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကျင်းပခဲ့သည့် ပါတီစုံရွေးကောက်ပွဲများမှတစ်ဆင့် အစိုးရသစ်ပေါ်ပေါက်လာခဲ့ပြီးနောက်တွင် နိုင်ငံတော်အစိုးရအနေဖြင့် အာဆီယံဥက္ကဋ္ဌရာထူးကို ထမ်းဆောင်ရန် အသင့်ဖြစ်ပြီဟု ခံယူသည့်အတွက် အာဆီယံဥက္ကဋ္ဌတာဝန်ထမ်းဆောင်ရေးဆိုင်ရာ နိုင်ငံတော်အဆင့်ကော်မတီတစ်ရပ်ကို ၂၀၁၁ ခုနှစ် ဧပြီလမှာ ဖွဲ့စည်းခဲ့ပါတယ်။

အာဆီယံပဋိညာဉ်စာတမ်းအရ အာဆီယံဥက္ကဋ္ဌရာထူးကို အင်္ဂလိပ်အက္ခရာစဉ်အရ အလှည့်ကျဆောင်ရွက်ရမှာဖြစ်ပြီး ၂၀၀၆ ခုနှစ်မှာ အလှည့်ကျော်ခဲ့တဲ့ မြန်မာနိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌရာထူးကို ၂၀၁၆ ခုနှစ်မှသာ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ သို့သော်လည်းပဲ ၂၀၀၆ ခုနှစ်က အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက မြန်မာနိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌရာထူးကို ထမ်းဆောင်ရန် အဆင့်သင့်ဖြစ်ချိန်မှာ ဥက္ကဋ္ဌရာထူးကို ထမ်းဆောင်နိုင်ကြောင်း သဘောတူညီချက်အရလည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌတာဝန်ယူရမည့် လာအိုနိုင်ငံက မြန်မာနိုင်ငံကို ၂၀၁၄ ခုနှစ်မှာ အာဆီယံဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရန် သဘောတူညီခဲ့သည့်အတွက်လည်းကောင်း၊ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ကျင်းပခဲ့တဲ့ အာဆီယံထိပ်သီးအစည်းအဝေးတွင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌရာထူးကို တာဝန်ယူရန် အာဆီယံခေါင်းဆောင်များက တစ်ညီတစ်ညွတ်တည်း သဘောတူညီခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌရာထူးတာဝန်ထမ်းဆောင်ခြင်းသည် အာဆီယံပဋိညာဉ်စာတမ်းအရ အာဆီယံအဖွဲ့ဝင်တစ်ဦး၏ တာဝန်ကို ထမ်းဆောင်ခြင်းဖြစ်သကဲ့သို့ မြန်မာနိုင်ငံ၏လွတ်လပ်၊ တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒနှင့်အညီ အာဆီယံရေးရာများတွင် မြန်မာနိုင်ငံက ဦးဆောင်မှုအခန်းကဏ္ဍမှာ ပါဝင်ဖို့ကြိုးပမ်းခြင်းတစ်ရပ် ဖြစ်သည်ဟုလည်း ဆိုနိုင်ပါသည်။

Moving Forward in Unity to a Peaceful and Prosperous Community
ASEAN
MYANMAR, 2014

မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌအဖြစ်တာဝန်ယူမည့် ၂၀၁၄ ခုနှစ်သည် အာဆီယံအတွက် အရေးကြီးသည့်နှစ်ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်အကုန်တွင် ပေါ်ပေါက်လာမည့် အာဆီယံအသိုက်အဝန်းကြီးအတွက် နောက်ဆုံးပြင်ဆင်ရမည့်နှစ်ဖြစ်သည့်အတွက် ဖြစ်ပါသည်။

ယင်းနှစ်တွင် အာဆီယံအသိုက်အဝန်း၏ မဏ္ဍိုင်ကြီး(၃)ခုဖြစ်သည့် နိုင်ငံရေးနှင့်လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုမဏ္ဍိုင်ကြီးများသည်လည်း တစ်ခုတည်းသော အာဆီယံအသိုက်အဝန်းဖြစ်ပေါ်လာရေးအတွက် အားလုံးအဆင်သင့်ရှိနေရမည့်နှစ်ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌရာထူးအတွက် ရုပ်ပိုင်းဆိုင်ရာနဲ့ စွမ်းရည်ထူထောင်မှုဆိုင်ရာလူ့အရင်းအနှီး စီမံခန့်ခွဲမှုဆိုင်ရာများကို ပြင်ဆင်မှုများ ကြိုတင်စီမံဆောင်ရွက်ခဲ့ပါသည်။

## ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံဥက္ကဋ္ဌ၏ ရည်မှန်းချက်

မြန်မာနိုင်ငံသည် အာဆီယံဥက္ကဋ္ဌတာဝန်ကို အာဆီယံအဖွဲ့ကြီးသို့ ဝင်ရောက်ခဲ့ပြီးနောက် (၁၇)နှစ်အကြာတွင် ပထမဦးဆုံးအကြိမ် ထမ်းဆောင်ခဲ့ခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ အာဆီယံဥက္ကဋ္ဌတာဝန်ထမ်းဆောင်ချိန်တွင် ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများကို မြန်မာနိုင်ငံမှ ထုတ်ပြန်ကြေညာခဲ့ပါသည်။ ယင်းလုပ်ငန်းများတွင် အာဆီယံအသိုက်အဝန်းအောက်တွင်ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိနေသည့် လုပ်ငန်းများအနက်မှ အကောင်အထည်ဖော်နိုင်မည့် လုပ်ငန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်း၊ အာဆီယံ၏ လက်ရှိဆောင်ရွက်နေသောလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်ခြင်း၊ အာဆီယံ၏ အနာဂတ်ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများတွင်လည်း မြန်မာနိုင်ငံက ဦးဆောင်နိုင်မည့် လုပ်ငန်းများကို ရွေးချယ်ဆောင်ရွက်ခြင်းတို့ပါဝင်ပါသည်။ ထို့အပြင် အာဆီယံ၏ အကျိုးစီးပွားကို ဆောင်ရွက်ရင်း မြန်မာနိုင်ငံ၏အကျိုးစီးပွားကိုပါ တစ်ပါတည်းမြှင့်တင်ဆောင်ရွက်သွားရန်လည်း ရည်မှန်းထားရှိခဲ့ပါသည်။

ယင်းရည်မှန်းချက်နှင့်အညီ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ် မေလ ၁၀ ရက်နေ့တွင် (၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး အာဆီယံအသိုက်အဝန်းပေါ်ထွန်းလာရေးဆိုင်ရာ နေပြည်တော်ကြေညာစာတမ်းကိုလည်း ထုတ်ပြန်နိုင်ခဲ့ပါသည်။ ။

MYO MIN AUNG ပညာရည်ချွန် ဆုတံဆိပ်အမျိုးမျိုး လက်လီ/လက်ကား ■ သင်အားအကျိုးပြု၍ ကျွန်ုပ်၏အကျိုးကို ရှာဖွေပါသည်။




ကြော်ငြာစာရွက်ယူလာပြီး ၁၅% လျှော့ဈေးရယူလိုက်ပါ။ မြန်မာပြည်အနှံ့ ဈေးနှုန်းချိုသာစွာဖြန့်ဖြူးပေးနေပြီ၊ မိတ်ဟောင်းမိတ်သစ်များဖိတ်ခေါ်အပ်ပါသည်။
အမှတ်(၂၃-အေ)၊ နဝဒေးလမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ၀၁-၃၇၈၅၀၀၊ ၀၉-၅၁၅၇၇၉၈၊ ၀၉-၇၃၀၁၆၄၀၂၊ ၀၉-၉၇၂၉၇ ၁၈၂၈(၁၈၃၈)

# ပြည်တွင်းရေးရာ

❍ မြန်မာ့ပညာရေးမှ

**ဦးမျိုးညွန့်**
**(ညွှန်ကြားရေးမှူးချုပ်၊**
**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန)**

**မေး။ အခု ၂၀၁၄-၂၀၁၅ ပညာသင်နှစ်ကစပြီး စတုတ္ထတန်းကိုခရိုင်အဆင့်နဲ့ အဌမတန်းကို တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့် စာမေးပွဲများကျင်းပမယ်လို့ ကြားသိရပါတယ်။ အဲဒီလိုကျင်းပဖို့ စီစဉ်ရတဲ့ အကြောင်းအရင်းတွေကို ပြောပြပေးပါခင်ဗျာ။**

ဖြေ။ လက်ရှိကာလမှာ ကျေးလက်ဒေသနဲ့ နယ်စပ်ဒေသတွေမှာ အခြေခံပညာအဆင့် ကျောင်းအသစ်များဖွင့်လှစ်ခြင်း၊ အခြေခံပညာကျောင်းတွေကို ကျောင်းအဆင့်တိုးမြှင့်ခြင်းများဆောင်ရွက်ပေးခဲ့တဲ့အတွက် သင်ကြားသင်ယူမှု အခွင့်အလမ်းများ တိုးတက်ရရှိခဲ့ပြီး ကျောင်းအပ်နှုန်းတွေလည်းမြင့်မားတိုးတက်လာပါတယ်။ ကျောင်းအပ်နှုန်း၊ ကျောင်းနေနှုန်းမြင့်မားတိုးတက်လာတဲ့အတွက် အခြေခံပညာအတန်းအလိုက် သင်ယူပြီးမြောက်မှုနှုန်းတွေလည်း မြင့်မားလာပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အရည်အချင်းမြင့်မားတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ မွေးထုတ်ပေးဖို့လိုအပ်ပါတယ်။ ပညာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေ ပြုလုပ်ဖို့အတွက် ဆွေးနွေးပွဲတွေ လုပ်ခဲ့ပါတယ်။ အဲဒီဆွေးနွေးပွဲတွေမှာ ပညာအရည်အသွေးအကဲဖြတ်မှု ပိုမိုခိုင်မာလာစေရေးအတွက်လည်းကောင်း၊ အခြေခံပညာအရည်အသွေးမြင့်မားလာရေးအတွက်လည်းကောင်း ပညာရှင်များ၊ လုပ်ငန်းအဖွဲ့များ၊ ပညာရေးနဲ့ သက်ဆိုင်ပတ်သက်သူတွေက ဆွေးနွေးပွဲတွေမှာ တတ်မြောက်မှုစစ်ဆေးဖို့အတွက် မူလတန်းအဆင့်ပြီးဆုံးတဲ့ စတုတ္ထတန်းမှာ ခရိုင်အဆင့်စာမေးပွဲဖြင့်လည်းကောင်း၊ အလယ်တန်းအဆင့်ပြီးဆုံးတဲ့ အဌမတန်းမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်စာမေးပွဲဖြင့် လည်းကောင်း စစ်ဆေးတဲ့စနစ်ကို ကျင့်သုံးဖို့ အကြံပြုကြပါတယ်။ အဲဒါကြောင့် ခုလိုမျိုးပြောင်းလဲခဲ့တာပါ။

**မေး။ အခုလို ခရိုင်အဆင့်နဲ့ တိုင်းဒေသကြီးအဆင့် ပြောင်းလဲစစ်ဆေးလိုက်တဲ့အခါ မေးခွန်းအဆင့်အတန်းနဲ့အရည်အသွေး မတူညီဘဲ ကွဲပြားမှုတွေ ဖြစ်လာနိုင်ပါမလားခင်ဗျာ။**

ဖြေ။ မေးခွန်း အဆင့်အတန်းနဲ့ အရည်အသွေး တူညီမှုရှိစေဖို့အတွက် စတုတ္ထတန်းနဲ့ အဌမတန်းစာမေးပွဲ



**ဦးမျိုးညွန့်**
**(ညွှန်ကြားရေးမှူးချုပ်၊**
**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန)**

စစ်ဆေးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွေကို နိုဝင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိနဲ့ နိုဝင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ နှစ်ကြိမ်ခွဲပြီး ကျင်းပဖို့ စီစဉ်ထားပါတယ်။ အဲဒီအလုပ်ရုံဆွေးနွေးပွဲကို သင်ရိုးအကြံပေး ပညာရှင် ဒေါက်တာမြင့်သိန်း၊ ရန်ကုန်ပညာရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာအေးအေးမြင့်တို့ ဦးဆောင်ပြီးတော့ ပညာရေးတက္ကသိုလ်များမှ မဟာဘွဲ့ရသူများပါ ဆွေးနွေးခြင်း၊ ပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်ပါမယ်။

**မေး။ အဲဒီအလုပ်ရုံဆွေးနွေးပွဲတွေမှာ ဘာတွေများ ဆွေးနွေးပေးမှာပါလဲခင်ဗျာ။**

ဖြေ။ စစ်ဆေးမယ့် မေးခွန်းပုံစံရဲ့ စံသတ်မှတ်ခြင်း၊ မေးခွန်းပြုစုရေးသားခြင်း၊ အမှတ်ပေးစည်းမျဉ်းပြုစုခြင်း၊ စာမေးပွဲစစ်ဆေးခြင်းနဲ့ အောင်စာရင်းပြုစုခြင်း စတဲ့ စာမေးပွဲလုပ်ငန်းတွေကို ဆွေးနွေးပေးမှာပါ။

**မေး။ အဲဒီအလုပ်ရုံဆွေးနွေးပွဲကို ဘယ်သူတွေနဲ့ ဆောင်ရွက်မှာပါလဲခင်ဗျာ။**

ဖြေ။ စတုတ္ထတန်းအဆင့် စာမေးပွဲကျင်းပဖို့အတွက် ခရိုင်တစ်ခုစီကို ခရိုင်ပညာရေးမှူးနဲ့ ဘာသာရပ်ကျွမ်းကျင်သူ ငါးဦး စုစုပေါင်း ခြောက်ဦးနှုန်း ဖိတ်ကြားမှာဖြစ်ပါတယ်။ အဌမတန်းအဆင့် စာမေးပွဲကျင်းပဖို့အတွက်ကတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တစ်ခုစီက ပညာရေးညွှန်ကြားရေးမှူးနဲ့ ဘာသာရပ် ကျွမ်းကျင်သူ ခြောက်ဦး စုစုပေါင်း ခုနစ်ဦးနှုန်း ဖိတ်ကြား မှာ ဖြစ်ပါတယ်။

**မေး။ စတုတ္ထတန်းနဲ့ အဌမတန်း ကျောင်းသား ကျောင်းသူတွေအတွက် ခရိုင်အဆင့်နဲ့ တိုင်းဒေသကြီး/ပြည်နယ်အဆင့်မေးခွန်းများ ဖြေဆိုတဲ့ အလေ့အထမရှိတာကို ဘယ်လိုစီစဉ်ဆောင်ရွက်ပေးပါမလဲ။**

ဖြေ။ စတုတ္ထတန်းနဲ့ အဌမတန်း ကျောင်းသား ကျောင်းသူတွေအတွက် ဒီဇင်ဘာ ကျောင်းပိတ်ရက်မတိုင်မီ ဒီဇင်ဘာ ၁၇ ရက်မှ ၂၄ ရက်အထိ အကြိုစာမေးပွဲများ ကျင်းပလေ့ကျင့်ပေးပါမယ်။ အဲဒီစာမေးပွဲကရရှိတဲ့ ရလဒ်တွေကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှာ စိစစ်အကဲဖြတ်မှုပြုလုပ်ပြီး နှစ်ဆုံး စာမေးပွဲအတွက် မေးခွန်းများ ပြင်ဆင်သွားမှာဖြစ်ပါတယ်။



**အလယ်တန်းပြဆရာမ**
**ဒေါ်သန်းသန်းဌေး။**

**မေး။ စတုတ္ထတန်းနဲ့ အဌမတန်း နှစ်ဆုံးစာမေးပွဲ ကျင်းပမယ့်အချိန်နဲ့ ဖြေဆိုရမယ့် ကြာချိန်တွေကို သိရှိလိုပါတယ်။**

ဖြေ။ စတုတ္ထတန်းနဲ့ အဌမတန်း နှစ်ဆုံးစာမေးပွဲတွေကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၇ ရက်အတွင်း ကျင်းပဖို့ လျာထားထားပါတယ်။ တစ်ရက်ကို တစ်ဘာသာနှုန်းနဲ့စစ်ဆေးမှာ ဖြစ်ပါတယ်။ စတုတ္ထတန်းအတွက် တစ်နာရီခွဲမေးခွန်းနဲ့ အဌမတန်းအတွက် နှစ်နာရီမေးခွန်းတွေနဲ့ စစ်ဆေးမှာဖြစ်ပါတယ်။

**မေး။ ကျောင်းသား ကျောင်းသူတွေအနေနဲ့ အခြားကျောင်းတွေကို သွားရောက်ဖြေဆိုဖို့ လိုအပ်ပါသလားခင်ဗျာ။**

ဖြေ။ တခြားကျောင်းတွေကို သွားရောက်ဖြေဆိုဖို့မလိုအပ်ပါဘူး။ မိမိတက်ရောက်သင်ကြားနေတဲ့ အစိုးရကျောင်းတွေ၊ ကိုယ်ပိုင်စာသင်ကျောင်းတွေနဲ့ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွေမှာသာ သွားရောက်ဖြေကြားရမှာ ဖြစ်ပါတယ်။

**မေး။ အခုလို ခရိုင်အဆင့်နဲ့ တိုင်းဒေသကြီး/ပြည်နယ်အဆင့် စာမေးပွဲတွေ ကျင်းပခြင်းကြောင့် ရရှိလာမယ့် အကျိုးကျေးဇူးတွေကို ပြောပြပေးပါခင်ဗျာ။**

ဖြေ။ အရင်က ကျောင်းသားကျောင်းသူတွေဟာ ကျောင်းတွင်းစစ်စာမေးပွဲတွေကိုသာ ဖြေဆိုတဲ့ အလေ့အထရှိတဲ့အတွက် ဒသမတန်းရောက်တဲ့အခါ နိုင်ငံတော်အဆင့် စာမေးပွဲကို ဖြေဆိုရာမှာ အခက်အခဲတွေတွေ့ကြုံရနိုင်လို့ စာမေးပွဲကျရှုံးမှုတွေ ကြုံတွေ့ရပါတယ်။ အခုလို စတုတ္ထတန်းအဆင့်မှာ ခရိုင်စစ် စာမေးပွဲ၊ အဌမတန်းအဆင့်မှာ တိုင်းဒေသကြီး/ပြည်နယ်စစ် စာမေးပွဲတွေကို ဖြေဆိုတဲ့ အလေ့အထရရှိလာပြီး ဒသမတန်းမှာ နိုင်ငံတော်အဆင့် စာမေးပွဲကို ဖြေဆိုတဲ့အခါ လွယ်ကူစွာဖြေဆိုနိုင်ပြီး အောင်မြင်မှု ရာခိုင်နှုန်းပိုမိုများပြားနိုင်မှာဖြစ်ပါတယ်။



**အလယ်တန်းပြဆရာမ**
**ဒေါ်နီလာ။**

အဲဒီအပြင် မူလတန်းအဆင့်နဲ့ အလယ်တန်းအဆင့် ပြီးမြောက်မှု အရည်အချင်းစစ်ဆေးမှု စာမေးပွဲရှိတဲ့အတွက်ကြောင့် ကျောင်းသားကျောင်းသူတွေရဲ့ ပညာအရည်အသွေးမြင့်မားတိုးတက်လာမှာဖြစ်ပြီး သက်ဆိုင်ရာ အသက်မွေးဝမ်းကျောင်း ပညာရပ်တွေကိုလည်း ဆက်လက်ဆည်းပူးနိုင်မှာဖြစ်ပါတယ်။

ယခုနှစ်မှစတင်ကာ စတုတ္ထတန်းနှင့် အဌမတန်းတို့ကို ခရိုင်အဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် စာမေးပွဲများ ကျင်းပတော့မည်ဖြစ်ခြင်းကြောင့် ယင်းနှင့်ပတ်သက်၍ ပြီးခဲ့သည့်နှစ်နှင့် ယခုနှစ် စာသင်ကြားရမှုအပိုင်းနှင့်စပ်လျဉ်း၍ နေပြည်တော်အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်းခွဲမှ အလယ်တန်းပြဆရာမ ဒေါ်နီလာအား မေးမြန်းခဲ့ရာ "သင်ကြားမှုကတော့ မနှစ်ကလိုပါပဲ၊ ကျောင်းသား ကျောင်းသူတွေဘက်ကသာ မေးခွန်းအပေါ်မူတည်ပြီး ကွာခြားသွားတာပါ၊ အရင်သင်ရိုးပဲဖြစ်ပေမယ့် ခရိုင်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်မေးခွန်းတွေဖြစ်လို့ သင်ကြားတဲ့အပိုင်းမှာ အရင်ထက်တော့ အားပိုထည့်ရတာပေါ့၊ အခုတော့ ဆရာမတို့အနေနဲ့ ပြင်ဆင်မှုတွေလုပ်ရတယ်၊ အခုလို စတုတ္ထတန်းနဲ့ အဌမတန်းမှာ စာမေးပွဲစနစ် ပြောင်းလဲလိုက်တာကောင်းပါတယ်၊ ပညာရေးကဏ္ဍလည်း အဆင့်မြင့်လာတာပေါ့။




**စတုတ္ထတန်းကျောင်းသူ**
**မမေဆင်းသစ်။**

သင်ကြားသူဘက်ကလည်း တကယ်ထိထိရောက်ရောက် သင်ကြားမယ်၊ သင်ယူသူဘက်ကလည်းလိုက်လာဖို့လိုပါတယ်၊ ကျွန်မတို့ဘက်က ထိထိရောက်ရောက်သင်နေပေမယ့် သင်ယူသူဘက်က လိုက်မလာနိုင်သေးတာတွေ့ရတယ်၊ တကယ်လိုက်နိုင်တဲ့ ကျောင်းသား ကျောင်းသူ အင်အားကနည်းနေသေးတယ်၊ အခြေခံကလည်းနည်းနေသေးတော့ အတော်ကိုလုပ်နေရတယ်၊ ဆရာမတို့ပတ်ဝန်းကျင်မှာဆိုရင်တော့ လိုချင်တဲ့ကလေးနည်းနေသေးတယ်၊ ဆရာမအနေနဲ့ကတော့ ကျောင်းသား ကျောင်းသူတွေအနေနဲ့ အရင်ကလို ပေါ့ပေါ့ဆဆမနေဘဲနဲ့ ဖိဖိစီးစီးလုပ်ဖို့ လိုလိမ့်မယ်လို့ ပြောလိုပါတယ်၊ ခေတ်ကပြောင်းလဲလာနေပြီဖြစ်လို့ ခေတ်နဲ့အညီလိုက်ဖို့အတွက် ဆရာ ဆရာမတွေအနေနဲ့ အားထည့်ဖို့လိုသလို ကျောင်းသား ကျောင်းသူတွေအနေနဲ့လည်း အားထည့်စေချင်ပါတယ်" ဟု ပြောကြားခဲ့သည်။

ထို့နောက် အလယ်တန်းပြဆရာမတစ်ဦးဖြစ်သည့် ဒေါ်သန်းသန်းဌေးအား မေးမြန်းခဲ့ရာ "အခု စတုတ္ထတန်းနဲ့ အဌမတန်းက စာမေးပွဲစစ်ဆေးပုံပြောင်းသွားပြီဆိုတော့ အမှတ် ၁၀၀ ဖိုးအပြည့်ဖြေရတယ်လေ၊ အရင်တုန်းက လပတ်စာမေးပွဲပဲဆိုတော့ ၂၅ မှတ်ဖိုးပဲဖြေရတော့ မေးခွန်းကို အငြိစုံမဖြေရဘူးလေ။ ၁၀ တန်းစာမေးပွဲဖြေရင် အချိန်နဲ့တစ်ပြေးညီ မဖြေနိုင်ဘဲနဲ့ နည်းနည်းနှောင့်နှေးနိုင်တယ်။ အခုလို အမှတ် ၁၀၀ ဖိုး သုံးကြိမ်ဖြေလိုက်ရတော့ မေးခွန်းကို အချိန်အတိအကျ ဖြေနိုင်မယ့်အကျင့်လေးရသွားမယ်လို့ ထင်ပါတယ်၊ သင်ကြားမှုအပိုင်းအနေနဲ့ ထူးခြားမှုမရှိဘူးဆိုပေမယ့် မြို့နယ်အလိုက် သင်ရိုးတွေညီအောင်ညှိရတာတော့ ရှိပါတယ်"ဟု ပြောကြားခဲ့သည်။

ဆက်လက်ပြီး စတုတ္ထတန်းကျောင်းသူ မမေဆင်းသစ်က "အခုစာမေးပွဲစနစ်ပြောင်းတော့မယ်ဆိုတော့ ပျော်ပါတယ်။ အရင်တတိယတန်းတုန်းကဆိုရင် ကျောင်းပျက်ရင်တောင် မနေတတ်ဘူး။ နေမကောင်းလို့ကျောင်းပျက်ပြီး စာမေးပွဲမဖြေနိုင်ရင် အရမ်းဝမ်းနည်းတယ်။ အခုလိုစာမေးပွဲဖြေခွင့်ရမှာကိုလည်း အလွန်ပဲဝမ်းသာပါတယ်"ဟု ပြောကြားခဲ့သည်။ ။




# မတ်ပဲ(S.Q)တစ်တန် ကျပ်ဆယ်သိန်းနှုန်းသို့ ဈေးမြင့်တက် ပဲစင်းငုံနီ RC(သစ်)တစ်တန်ကျပ်ရှစ်သိန်းကျော်သို့မြင့်

**ရန်ကုန် နိုဝင်ဘာ ၇**

နိုဝင်ဘာ ၇ ရက် ဘုရင့်နောင်ကုန်စည်ဒိုင် ပဲဈေးကွက်တွင် မတ်ပဲ FAQ-RC တစ်တန် ကျပ် ၈၆၁၀၀၀ နှုန်း၊ SQ.RC တစ်တန် ကျပ်ဆယ်သိန်းနှုန်း၊ ပဲစင်းငုံနီ RC သစ် တစ်တန် ကျပ် ၈၀၅၀၀၀ နှုန်းသို့ ရောက်ရှိလာပြီး မတ်ပဲအရောင်းအဝယ် FAQ ကုန်သေတ္တာအလုံးရေ ၁၂၅ လုံးရှိကြောင်း ကုန်စည်ဒိုင်ဈေးနှုန်းစာရင်းအရ သိရသည်။

နိုဝင်ဘာ ၇ ရက် ပြည်ပပို့ကုန်ရငွေ ငွေလဲနှုန်း တစ်ဒေါ်လာလျှင် ၁၀၃၀ ကျပ်နှုန်းရှိပြီး ပြည်ပပို့မတ်ပဲ FAQ တစ်တန်ဈေးနှုန်းမှာ ၈၃၅-၈၆၅ ဒေါ်လာ၊ S.Q တစ်တန် ၉၈၅-၁၀၁၅ ဒေါ်လာနှုန်းဖြစ်လာသဖြင့် ပြည်တွင်းမတ်ပဲ ရောင်းဈေးနှုန်းမြင့်တက်လာခြင်းဖြစ်ကြောင်း၊ နိုဝင်ဘာ ၁ ရက်တွင် မတ်ပဲ FAQ-RC တစ်တန်လျှင် ကျပ် ၇၄၃၀၀၀ နှုန်း၊ SQ.RC တစ်တန် ကျပ် ၈၉၃၃၀၀ နှုန်း၊ မတ်ပဲ FAQ ပြည်ပပို့ဈေး တစ်တန် ၇၅၀-၇၈၅ ဒေါ်လာ၊ SQ.RC တစ်တန် ၉၀၅-၉၃၅ ဒေါ်လာနှုန်းသာရှိရာ တစ်ပတ်အတွင်း မတ်ပဲပြည်တွင်းဈေး FAQ တစ်တန် ကျပ်တစ်သိန်းနှစ်သောင်းကျော်၊ SQ.RC တစ်တန်လျှင် ကျပ်တစ်သိန်းကျော်၊ ပြည်ပပို့မတ်ပဲ FAQ တစ်တန် ၈၅ ဒေါ်လာ၊ SQ.RC တစ်တန် ၈၀ ဒေါ်လာဈေးဖြင့် တက်လာသည်ဟု ဘုရင့်နောင်ပွဲရုံ အာသောကလမ်းမှ ပဲအရောင်းအဝယ်ပြုလုပ်သူတစ်ဦးက ဆိုသည်။

အလားတူ ပဲစင်းငုံနီ RC သစ်ဈေးနှုန်းမှာ နိုဝင်ဘာ ၁ ရက်တွင် ကျပ် ၇၆၅၀၀၀ နှုန်းရှိရာမှ နိုဝင်ဘာ ၇ ရက်တွင် ကျပ် ၈၀၅၀၀၀ နှုန်းသို့ မြင့်တက်လာကြောင်း၊ ပဲမျိုးစုံ ၁၀ ရာခိုင်နှုန်း အာမခံငွေ ကြိုတင်ငွေပေးသွင်းသည့်စနစ်ကို အောက်တိုဘာ ၂၅ ရက်မှစ၍ ကျင့်သုံးပြီးနောက် မတ်ပဲဈေးနှုန်း တက်လာချိန်တွင် နေ့စဉ်အရောင်းအဝယ်ဖြစ်သည့် ပမာဏမှာ ပျမ်းမျှ ၇၅(ကုန်သေတ္တာအလုံးရေ)သာရှိကြောင်း၊ ယနေ့အရောင်းအဝယ်ဖြစ်သော မတ်ပဲပမာဏမှာ ယခုလနှင့်ယခင်လအတွင်း အများဆုံးဖြစ်ကြောင်း၊ ကုန်စည်ဒိုင်ဈေးနှုန်းစာရင်းဖော်ပြချက်များမှသိရသည်။


ယခင်နှစ် ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် မတ်ပဲ FAQ တစ်တန် ကျပ် ၅၉၃၀၀၀ နှုန်း၊ SQ.RC တစ်တန် ကျပ် ၆၃၃၀၀၀ နှုန်း၊ ပဲစင်းငုံနီ RC တစ်တန် ကျပ် ၅၈၇၀၀၀ နှုန်း၊ ပြည်ပပို့မတ်ပဲ FAQ တစ်တန် ၆၃၀-၆၄၀ ဒေါ်လာ၊ SQ.RC တစ်တန် ၆၄၀-၆၇၀ ဒေါ်လာနှုန်း၊ ပြည်ပပို့ကုန်ရငွေ ငွေလဲနှုန်း ၉၇၃ ကျပ်နှုန်းရှိခဲ့ကြောင်း ဈေးနှုန်းဟောင်းများမှသိရသည်ဟု ပဲကုန်သည်တစ်ဦးကဆိုသည်။

**(မောင်စေအောင်)**

ဗလငါးတန်ဖွံ့ဖြိုးဖို့ တာအုပ်တာပေလေ့လာစို့

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့သို့ရောက်ရှိ

**ပေကျင်း နိုဝင်ဘာ ၇**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲသို့ တက်ရောက်ရန် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်မှ မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း အထူးလေယာဉ်ဖြင့် ထွက်ခွာလာရာ ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် တရုတ်နိုင်ငံ ပေကျင်းမြို့သို့ ရောက်ရှိကြသည်။**(ယာပုံ)**

နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား တရုတ်နိုင်ငံ ပေကျင်းမြို့ ပြည်သူ့ကွန်ဂရက်ကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စ လီကျောက်လင်း၊ တရုတ်နိုင်ငံခြား ရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာနမှ တာဝန်ခံနှင့် တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့်ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီးမြင့်သိန်း၊ သံရုံးနှင့်စစ်သံရုံးဝန်ထမ်းများက ပေကျင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

## ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ကလေးငယ်တစ်ဦးက ပန်းစည်းကမ်းကာဝမ်းသာအားရကြိုဆိုနှုတ်ဆက်သည်။ ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် ခေတ္တတည်းခိုမည့် ကျောက်ယုထိုင် နိုင်ငံတော်ဧည့်ဂေဟာသို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတ၏ ယခုအကြိမ်တရုတ်နိုင်ငံခရီးစဉ်မှာ သမ္မတသက်တမ်းတစ်လျှောက် (၅)ကြိမ်မြောက်ခရီးစဉ်ဖြစ်ပြီး ယခင်က ချစ်ကြည်ရေးခရီးစဉ်နှစ်ကြိမ်နှင့် ဆွေးနွေးပွဲများတက်ရောက်ရန် နှစ်ကြိမ်သွားရောက်ခဲ့ပြီး ဖြစ်သည်။

**(သတင်းစဉ်)**

●ကျောဖုံးမှ

အနေနဲ့ ဆရာဝန်တွေ၊ သူနာပြုတွေ စီစဉ်ပေးထားပါတယ်။ လူနာတင်ယာဉ်တွေ ဆေးခန်းတွေကအစ ဒီမှာ စီစဉ်ပေးထားပါတယ်။ ရောက်လာတဲ့ Delegate တွေကို ကျွန်တော်တို့ ဟိုတယ်အနေနဲ့ အကောင်းဆုံး ဝန်ဆောင်မှုပေးသွားပါမယ်။



ဒေါ်နှင်းဖြူဖြူ
Supervisor
ရွှေစံအိမ်ဟိုတယ်

**ဒေါ်နှင်းဖြူဖြူ**
**Supervisor**
**ရွှေစံအိမ်ဟိုတယ်**

ကျွန်မတို့ဟိုတယ်မှာ ရုရှားနိုင်ငံက Delegate တွေလာရောက်တည်းခိုမှာပါ။ ကျွန်မတို့ ဟိုတယ်မှာ အကောင်းဆုံးဝန်ဆောင်မှုဖြစ်စေဖို့ အခန်းဝန်ဆောင်မှုနဲ့ ဆိုင်တာ၊ အစားအသောက် ဝန်ဆောင်မှုနဲ့ဆိုင်တာ စသဖြင့် အပိုင်းတွေခွဲပြီး ဆောင်ရွက်ကြတယ်။ ကျွန်မတို့ဟိုတယ်က သူတို့နဲ့ ညှိနှိုင်းဆောင်ရွက်ပြီး ဝန်ဆောင်မှုပေးပါတယ်။ ဟိုတယ်အပိုင်းနဲ့ ဆိုင်တာအားလုံးကို ဝန်ဆောင်မှု အကောင်းဆုံးပေးသွားမှာပါ။

အစားအသောက် အပိုင်းတွေနဲ့ ပတ်သက်ပြီးတော့ သူတို့မှာ staff တွေပါလာပါမယ်။ ချက်ဖို့အသားငါးတွေလည်း သူတို့မှာပါလာတယ်။ Waitress တွေ၊ Waiter တွေ၊ Chef



ဦးဖြိုးဝေနိုင်
မန်နေဂျာ
Hotel Royal ACE

တွေလည်းပါတယ်။ ကျွန်မတို့ဘက်က စီစဉ်ပေးထားတဲ့ မီနူးအပိုင်းကိုတော့ စာရင်းထုတ်ပေးထားပါတယ်။ သန့်ရှင်းရေးအပိုင်းမှာလည်း ခြင်၊ ယင် မရှိစေဖို့ အမြဲတမ်း ဆေးဖျန်းတယ်။ ဟိုတယ်ဝန်ထမ်းတွေရဲ့ ကျန်းမာရေးအတွက်လည်း ဆေးစစ်ဆေးမှုတွေ လုပ်ထားပြီးသားပါ။ အခုလောလောဆယ်မှာ သူတို့ဘက်က အခန်း ၅၀ ဘွတ်ကင်တင်ထားပါတယ်။ ကျန်းမာရေးအတွက် ဆေးခန်းသုံးခန်း ဆောင်ရွက်ထားပါတယ်။ အင်တာနက်ဝန်ဆောင်မှုက အစကောင်းမွန်အောင် အစစစီစဉ်ပေးထားပါတယ်။

ဟိုတယ်ဝန်ဆောင်မှုများနှင့် ပတ်သက်၍ နေပြည်တော်ဟိုတယ်ဇုန်ရှိ ဟိုတယ်များသို့ သတင်းအဖွဲ့ သွားရောက်ရာ လမ်းတစ်လျှောက်ရှိ ဟိုတယ်များတွင်လည်း "အာဆီယံခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များကို နွေးထွေးစွာကြိုဆိုပါ၏" ကြိုဆိုရေးဆိုင်းဘုတ်များနှင့် နိုင်ငံအလိုက် ကြိုဆိုရေးအလံများကို စိုက်ထူထားသည်ကို တွေ့ရှိခဲ့ရပြီး ဟိုတယ်များအနေဖြင့် ပြီးပြည့်စုံမှုရှိစေရန် ကြိုးစားဆောင်ရွက်လျက်ရှိသည်ကို တင်ပြလိုက်ရပါသည်။



နေပြည်တော်တွင် ကျင်းပတော့မည့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကာလအတွင်း နိုင်ငံ့အကြီးအကဲများ တည်းခိုမည့်ဟိုတယ်များတွင် ပြင်ဆင်ထားမှုကို တွေ့ရစဉ်။

စာအုပ်စာပေလှူမိတ်ဆွေ

# (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးကာလအတွင်း အသုံးပြုရန် မော်တော်ကားများ ကူညီပံ့ပိုး

**နေပြည်တော် နိုဝင်ဘာ ၇**

နေပြည်တော်တွင် မကြာမီကျင်းပတော့မည့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကာလအတွင်း အစည်းအဝေးများနှင့် ဆွေးနွေးပွဲများတက်ရောက်ကြမည့် နိုင်ငံ့အကြီးအကဲများ အသုံးပြုရန် BMW မှ Limousine မော်တော်ကား ၉၉ စီး ကူညီပံ့ပိုးမည်ဖြစ်ရာ မော်တော်ကားပေးအပ်ခြင်း အခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနတွင် ယနေ့နံနက်ပိုင်းက ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် BMW မော်တော်ကား အမျိုးအစားစုံကို Prestige Automobiles မှ မန်နေဂျင်းဒါရိုက်တာ ဦးချမ်းမြ၊ BMW Group Asia မှ ဌာနေကိုယ်စားလှယ် Mr.Thierry Weidenbach တို့က အာဆီယံထိပ်သီးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရေးကော်မတီတွဲဖက်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်ထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

"မြန်မာနိုင်ငံက ဥက္ကဋ္ဌအဖြစ် လက်ခံကျင်းပတဲ့ အခုလို အာဆီယံထိပ်သီးအစည်းအဝေးကြီးမှာ နိုင်ငံ့ဂုဏ်ကို မြှင့်တင်စေနိုင်ဖို့ တစ်ဖက်တစ်လမ်းက ပါဝင်ပံ့ပိုးဆောင်ရွက်ခွင့်ရတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ လူမှုတာဝန်သိတတ်တဲ့ စီးပွားရေးလုပ်ငန်းအဖြစ် ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်သွားဖို့ သန္နိဋ္ဌာန်ချထားပါတယ်" ဟု Prestige Automobiles မှ မန်နေဂျင်းဒါရိုက်တာ ဦးချမ်းမြက ပြောကြားသည်။

အဆိုပါ ပံ့ပိုးမှုအစီအစဉ်ကို BMW Group Asia နှင့် BMW မော်တော်ကားများ မြန်မာနိုင်ငံသို့ တရားဝင် တင်သွင်းဖြန့်ချိခွင့်ရရှိထားသော Prestige Automobiles တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကာ မေလအတွင်းက ကျင်းပခဲ့သော အာဆီယံထိပ်သီးအစည်းအဝေးများတွင်လည်း ယခုကဲ့သို့ BMW မော်တော်ယာဉ် အစီး ၇၀ ကို ပံ့ပိုးကူညီခဲ့ကြောင်း သိရသည်။

**(မိုးသူ)**

# မွေးမြူရေးခြံများနှင့် ဓာတ်ခွဲခန်းများ စစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၇**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်မြတ်ဦးသည် နိုဝင်ဘာ ၂ ရက် နံနက် ၉ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် သလပ်ခွာကျေးရွာရှိ ဒေသဘဲမွေးမြူရေးခြံနှင့် မျက်တိုရပ်ရှိ နို့ပြုပြင်ထုတ်လုပ်သည့် စက်ရုံတည်ဆောက်ထားမှု၊ အပူဒဏ်ခံ ကြက်လည်လိမ်မျက်စဉ်း (အိုင်တူး) ထုတ်လုပ်နေမှု၊ ဓာတ်ခွဲခန်းနှင့် ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဒုတိယဝန်ကြီးသည် နိုဝင်ဘာ ၃ ရက်တွင် ရန်ကုန်မြို့ လှိုင်သာယာစက်မှုဇုန်အပိုင်း(၅)ရှိ PROBIOTIC စက်ရုံ၊ MILS, Myanmar Imonovative Life Sciences စက်ရုံတို့ကို သွားရောက်စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**

# တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းကောင်းများ ပိုမိုအားကောင်းပြည့်စုံစေရန် ပံ့ပိုးဖော်ဆောင်ပေးနိုင်မည့် စနစ်တစ်ရပ်ဖြစ်



**နေပြည်တော် နိုဝင်ဘာ ၇**

မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ် စီမံခန့်ခွဲမှုကော်မတီ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဒေါက်တာဒေါ်ခင်စန်းရီ၊ ဦးကျော်လွင်၊ ဦးအေးမြင့်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဦးညဏ်ထွန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ ပြောင်းလဲလာသည့် အခြေအနေအရပ်ရပ်နှင့်အညီ နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ် (Permanent Residence System) (PR) စနစ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်လာသည့်အတွက် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ် စီမံခန့်ခွဲမှုကော်မတီကို ဒုတိယသမ္မတက ဥက္ကဋ္ဌ၊ အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ကိုးဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း။

နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ် (Permanent Residence System) (PR) ဆိုင်ရာ လုပ်ငန်းအဆင့်များ ဆောင်ရွက်ခဲ့ရာ အားလုံးနီးပါးပြီးစီးနေပြီဖြစ်၍ (PR) စနစ်ကို မကြာခင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်တော့မည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသမိုင်းမှာ ပထမဦးဆုံး စတင်အကောင်အထည်ဖော်ဆောင်ရွက်မည့် စနစ်သစ်ဖြစ်သောကြောင့် လစ်ဟာမှုမရှိရအောင် လိုအပ်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို အကျေအလည်ညှိနှိုင်းခဲ့ပါကြောင်း။

နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ် (Permanent Residence System) (PR) စီမံချက် (မူကြမ်း)ကို ညှိနှိုင်းမှုများ၊ ပြင်ဆင်မှုများ၊ ဖြည့်စွက်မှုများ၊ နုတ်ပယ်မှုများ စသည်ဖြင့် အကြိမ်ကြိမ် အဆင့်ဆင့်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ရရှိပြီးနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီကို သွားရောက်ရှင်းလင်းတင်ပြခဲ့ပါကြောင်း၊ ၂၄-၅-၂၀၁၄ ရက်မှာ ကျင်းပသည့် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးမှာလည်း သွားရောက်ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ပါကြောင်း၊ ရှင်းလင်းတင်ပြချက်အပေါ် ပြည်သူ့လွှတ်တော်က နည်းဥပဒေကို သက်ဆိုင်ရာဝန်ကြီးဌာနက ရေးဆွဲပြီး ပြည်ထောင်စုအစိုးရအဖွဲ့သို့သာ ဆက်လက်တင်ပြဆောင်ရွက်သွားရန် မှတ်ချက်ပြုမှတ်တမ်းတင်ခဲ့ပါကြောင်း။

၂၄-၁၀-၂၀၁၄ ရက်မှာ ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးကလည်း (PR) နည်းဥပဒေ(မူကြမ်း)ကို အတည်ပြုခဲ့ပါကြောင်း။

နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ် (Permanent Residence System) (PR) နည်းဥပဒေ(မူကြမ်း)မှာ အခန်း (၁၈)ခန်း ပါရှိပါကြောင်း၊ Website အပါအဝင် သတင်းမီဒီယာကဏ္ဍအသီးသီးမှာ အသိပေးရမည့်လုပ်ငန်းများနှင့် အမှတ်ပေးအဖွဲ့ဖွဲ့ခြင်း စသည့် လုပ်ငန်းစည်းမျဉ်းများကိုလည်း စီမံထားပြီး ဖြစ်သည်ဟု သိရပါကြောင်း။

မိမိတို့ အကောင်အထည်ဖော် ဆောင်ရွက်တော့မည့် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ် (Permanent Residence System) (PR) သည် တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းကောင်းများကို ပိုမိုအားကောင်းပြည့်စုံစေရန် အချိန်ကိုက် အကောင်းဆုံးပံ့ပိုးဖော်ဆောင်ပေးနိုင်မည့် စနစ်တစ်ရပ်ဖြစ်ပါကြောင်း၊ ထို့အပြင် နိုင်ငံတကာက ပညာရှင်များ၊ အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ ရင်းနှီးမြှုပ်နှံလိုသူများနှင့် မြန်မာနိုင်ငံသားဟောင်းများ၏ စွမ်းအားအရင်းအမြစ်များကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိထိရောက်ရောက် အသုံးပြုဆောင်ရွက်နိုင်မည့် စနစ်ကောင်းတစ်ခုလည်း ဖြစ်ပါကြောင်း။

ထို့ကြောင့် ရှေ့ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရမည့် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ် (Permanent Residence System)(PR) နှင့်ပတ်သက်ပြီး နည်းဥပဒေပြဋ္ဌာန်းချက်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို စနစ်တကျနှင့် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်သူအားလုံး ပူးပေါင်းပါဝင်သွားကြရန် အလေးအနက်တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ်စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ်၏ နောက်ခံဖြစ်ရပ်အကျဉ်းချုပ်၊ စနစ်ကျင့်သုံးရာတွင် နိုင်ငံတော်လုံခြုံရေး၊ အမျိုးသားအကျိုးစီးပွားမထိခိုက်စေရေးနှင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ မထိခိုက်စေရေး အဓိကထားဆောင်ရွက်မှု၊ လျှောက်ထားခွင့်ရှိသူများနှင့် ရွေးချယ်ရေးလုပ်ငန်းကော်မတီမှ မိမိတို့နိုင်ငံ၏ လိုအပ်ချက်၊ ညွှန်ကြားချက်များနှင့်အညီ ရွေးချယ်ခွင့်ပြုမည့် အခြေအနေ၊ မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ် နည်းဥပဒေ (မူကြမ်း)တို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်က နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများက မိမိတို့သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီးရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၈-၁၁-၂၀၁၄ (စနေနေ့)

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၁၅ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၆း၄၅ "ဟူးကောင်းကျား ထိန်းသိမ်းရေးနယ်မြေဆီသို့"
၈း၃၀ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပေါင်းစည်းဆက်သွယ်ရေး အစီအစဉ်
၉း၃၀ "ထိန်းသိမ်းအပ်ပေ မြန်မာ့ယဉ်ကျေးမှုအမွေ"
၁၀း၂၀ "နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုအတွက် အရည်အချင်းစစ် စာမေးပွဲ(Aptis Test) ဖြေဆိုနည်းလမ်းညွှန်"
၁၁း၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ဒဏ္ဍာရီပန်းတစ်ပွင့်" (အပိုင်း-၇၇)
၁း၄၀ "ငွေကြယ်ပွင့်များနှင့် ငါးပွင့်တစ်ခိုင်"
၂း၁၀ "မနောမြေမှ လက်ခုပ်သံများ"
၃း၃၀ "ကိုယ်ချင်းစာ၍ ကူညီပါ"
၄း၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ
၄း၁၅ "နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုအတွက် အရည်အချင်းစစ် စာမေးပွဲ(Aptis Test) ဖြေဆိုနည်းလမ်းညွှန်"
၄း၄၅ "၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလအတွက် မိုးလေဝသနှင့်ဇလဗေဒ ခန့်မှန်းချက်နှင့် ကြိုတင်သတိပြုဖွယ်ရာများ
၆း၅၀ ဟိုးတုန်းက ရေဒီယိုအသံလွှင့်ဇာတ်လမ်းများ "မေတ္တာသံသရာ" (ပထမပိုင်း) (ဟိန်းရှိုင်း၊ ဝီလျံထွန်း၊ သာဒိုးအောင်၊ ထွဋ်အောင်ဝေယံ၊ စောမြတ်နိုး၊ စောယုနန္ဒာ၊ ချိုတေးလွင်လွင်၊ A-3၊ ခိုင်သဇင်၊မေဇင်ငြိမ်း) [ဒါရိုက်တာ-သီတာလင်း (Laurel Art Academy)]
၇း၂၀ ဟိုးတုန်းက ရေဒီယိုအသံလွှင့်ဇာတ်လမ်းများ "မေတ္တာသံသရာ" (ဒုတိယပိုင်း) (ဟိန်းရှိုင်း၊ ဝီလျံထွန်း၊ သာဒိုးအောင်၊ ထွဋ်အောင်ဝေယံ၊ စောမြတ်နိုး၊ စောယုနန္ဒာ၊ ချိုတေးလွင်လွင်၊ A-3၊ ခိုင်သဇင်၊မေဇင်ငြိမ်း [ဒါရိုက်တာ-သီတာလင်း (Laurel Art Academy)]
၉း၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ -ပျော်ရွှင်စေသောနေ့ရက်များ "ဆယ်ကျော်သက်" (အပိုင်း-၁) (မြင့်မြတ်၊ခိုင်သင်းကြည်) (ဒါရိုက်တာ-ကျော်ဇော်လင်း (အတွေးပုံရိပ်) -ဂီတတံခါးလေးဖွင့်ပါဦး

## ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက်စစ်တမ်း ကောက်ယူရေးဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၇**

မြန်မာနိုင်ငံလူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက် စစ်တမ်းနှင့်ပတ်သက်၍ ဆွေးနွေးပွဲကို နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေး စီမံကိန်းဦးစီးဌာန၌ ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက် စစ်တမ်းကောက်ယူမှု နည်းပညာသည် မြန်မာနိုင်ငံအတွက် ပထမဦးဆုံးအကြိမ်ဖြစ်ကြောင်း၊ အဆိုပါစစ်တမ်းကောက်ယူမှုတွင် အသုံးပြုသည့် နည်းပညာနှင့် စစ်တမ်းမေးခွန်းလွှာများသည် အင်ဒိုနီးရှား၊ လာအို၊ ထိုင်း၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်စသည့် အရှေ့တောင်အာရှနိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၉၀ ကျော်တွင် သုံးစွဲနေပြီဖြစ်ကြောင်း၊ ယင်းစစ်တမ်းသည် သက်ဆိုင်ရာဒေသ၏ ကျန်းမာရေးနှင့် လူနေမှုဘဝဆိုင်ရာ အချက်အလက်များကို တိကျမှန်ကန်စွာ စုစည်းဖြန့်ဝေနိုင်ရန် အထူးပြုဆောင်ရွက်ထားသည်ကို တွေ့ရကြောင်း၊ စစ်တမ်းကောက်ယူရေးအတွက် ကမ္ဘာ့နိုင်ငံအများတွင် ယင်းစစ်တမ်းဆောင်ရွက်နေသည့် နည်းပညာများ ပံ့ပိုးမည့် ICF Macro၊ ငွေကြေးဆိုင်ရာအကူအညီပေးမည့် USAID၊ နှီးနွှယ်ဌာနများပူးပေါင်းကာ အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် USAID မှ Public Health Director, Mr.William Slater က လုပ်ငန်းများပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။ ဆွေးနွေးပွဲတွင် အုပ်စုအလိုက် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

## ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ် အသစ်လျှောက်ထားခြင်းနှင့် အသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် လျှောက်ထားမှုများနှင့် ပတ်သက်၍ စိစစ်ခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၇**

၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၁ ရက်မှ ၃၁ ရက်အတွင်း ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ် အသစ်လျှောက်ထားသူ ပုံနှိပ်လုပ်ငန်း ရှစ်ဦး၊ ဂျာနယ်ထုတ်ဝေခွင့် ၁၁ဦး၊ မဂ္ဂဇင်း ထုတ်ဝေခွင့် လေးဦး၊ အထွေထွေထုတ်ဝေခွင့် ၁၁ ဦး၊ သတင်းအေဂျင်စီလုပ်ငန်းတစ်ဦး ပေါင်း ၃၅ ဦး၊ သက်တမ်းတိုး လက်မှတ်အသစ်လဲလှယ်ရန် လျှောက်ထားသူ ပုံနှိပ်ထုတ်ဝေခွင့် ငါးဦး၊ သတင်းစာထုတ်ဝေခွင့် တစ်ဦး၊ ဂျာနယ်ထုတ်ဝေခွင့် လေးဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် ငါးဦး၊ အထွေထွေထုတ်ဝေခွင့် ကိုးဦး ပေါင်း ၂၄ ဦး၊ ထုတ်ဝေခွင့် အမည်ပြောင်းလျှောက်ထားသူ တစ်ဦး စုစုပေါင်း ၆၀ မှ လျှောက်ထားလာခဲ့ပါသည်။ လျှောက်ထားမှုများအား နိုဝင်ဘာ ၇ ရက်တွင် ဝန်ကြီးဌာနမှ စိစစ်ပြီး အသိအမှတ်ပြုလက်မှတ်အသစ် လျှောက်ထားသူ ပုံနှိပ်လုပ်ငန်းခုနစ်ဦး၊ ဂျာနယ်ထုတ်ဝေခွင့် ကိုးဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် နှစ်ဦး၊ အထွေထွေ ထုတ်ဝေခွင့် ၁၁ ဦး၊ သတင်းအေဂျင်စီလုပ်ငန်းတစ်ဦး ပေါင်း ၃၀ အားလည်းကောင်း၊ သက်တမ်းတိုး လက်မှတ်လဲလှယ်ရန် လျှောက်ထားသူ ၂၂ ဦးအားလည်းကောင်း၊ ထုတ်ဝေခွင့် အမည်ပြောင်းလျှောက်ထားသူ တစ်ဦးအားလည်းကောင်း စုစုပေါင်း ၅၃ ဦးကို ခွင့်ပြုပေးခဲ့ကြောင်း၊ အသစ်လျှောက်ထားသူများအနက်မှ ပုံနှိပ်ထုတ်ဝေခွင့် တစ်ဦး၊ ဂျာနယ်ထုတ်ဝေခွင့် နှစ်ဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့်နှစ်ဦးနှင့် သက်တမ်းတိုး လက်မှတ်လဲလှယ်ရန် လျှောက်ထားသူ နှစ်ဦး ပေါင်းခုနစ်ဦးတို့၏ လျှောက်ထားချက်များနှင့်စပ်လျဉ်း၍ မူပိုင်ခွင့်နှင့် အခြားဆက်စပ်ပတ်သက်မှုများအရ ကန့်ကွက်ရန် ရှိ၊ မရှိနှင့် အချို့ဌာနဆိုင်ရာထုတ်ဝေခွင့် လျှောက်ထားသူများနှင့်ပတ်သက်၍ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၏ သဘောထားမှတ်ချက် တောင်းခံပြီး ဆက်လက်စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## စနေ၊ တနင်္ဂနွေ မိုးလေဝသခန့်မှန်းချက်

စနေ၊ တနင်္ဂနွေ အားလပ်ရက်များတွင် ရန်ကုန်တိုင်းဒေသကြီး၌ နေရာစိပ်စိပ်နှင့် မန္တလေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။

# ကျေးလက်ပြည်သူများ စက်ပစ္စည်းများပိုင်ဆိုင်ပြီး ဖွံ့ဖြိုးသည့်ဘဝသို့ရောက်ရှိရေး သမဝါယမအသင်းများ၏ အမှုဆောင်နှင့် ဝန်ထမ်းများ၏တာဝန်ဖြစ်

**နေပြည်တော် နိုဝင်ဘာ ၇**

သမဝါယမ အသင်းများသည် ကျေးလက်ပြည်သူများအား အသေးစားအရင်းအနှီးချေးငွေများ ထုတ်ပေးခြင်း၊ လယ်ယာသုံး၊ လုပ်ငန်းသုံး၊ ရေလုပ်ငန်းသုံးပစ္စည်းများကို အရစ်ကျချေးငွေစနစ်ဖြင့် ရောင်းချပေးခြင်း၊ ငွေကြေးများ ပြန်လည်ကောက်ခံပေးသွင်းခြင်း၊ ချေးငွေများမဆုံးရှုံးစေရန်သာမက ပြည်သူများ၏ လုပ်ငန်းများ တိုးတက်အောင်မြင်ရေးကိုပါ စည်းရုံးကြပ်မတ်ဆောင်ရွက်ခြင်းစသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများနှင့် ပတ်သက်၍ "အခြေခံကောင်းများကို ဆုံးခန်းတိုင်အောင်မြင်အောင် မိမိဘာသာရပ်တည်ပြီး ဖွံ့ဖြိုးတိုးတက်သောအခြေအနေသို့ ရောက်ရှိအောင် ယခုသင်တန်းသား အမှုဆောင်များ၊ ဝန်ထမ်းများ၏ အဓိကတာဝန်ဖြစ်၍ အောင်မြင်အောင် ဆက်လက်ဆောင်ရွက်ကြရန်" နိုဝင်ဘာ ၃ ရက်နံနက်က သမဝါယမတက္ကသိုလ်(သန်လျင်)၌ ဖွင့်လှစ်သော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အသင်းအမှုဆောင်များနှင့် အသင်းဝန်ထမ်းများ၏ သမဝါယမမွမ်းမံသင်တန်း၌ သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက တိုက်တွန်းပြောကြားခဲ့သည်။

သမဝါယမ ဝန်ကြီးဌာနသည် ကျေးလက်နေ ပြည်သူများအား အသေးစားအရင်းအနှီးချေးငွေများ ထုတ်ချေးပေးခြင်း၊ စက်ကိရိယာများ ဝယ်ယူနိုင်အောင် ကူညီပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ ယခုအခါ ပြည်သူများအား ထောက်ပံ့ချေးငွေမှာ ကျပ် ဘီလီယံ ၂၀၀ ကျော်ပြီဖြစ်သည်။ ထိုငွေကို သမဝါယမက သက်သာသော အတိုးနှုန်းနှင့် ချေးပေးသဖြင့် တစ်လ ၃ ဒသမ ၆၄၃ ဘီလီယံ ပေးရသောကြောင့် ပြင်ပတွင် ပျမ်းမျှကျပ် ၁၀ တိုးချေးငွေဖြင့်ဆိုပါက ပြည်သူများမှာ တစ်လလျှင် ကျပ် ၁၆ ဒသမ ၀၆၂ ဘီလီယံကျော် သက်သာလျက်ရှိသည်။ ထို့အပြင် အရစ်ကျစနစ်ဖြင့် စက်ပစ္စည်းများ ရောင်းချပေးနိုင်မှုကြောင့် လုပ်ငန်းများပိုမိုတိုးတက်အောင်မြင်လာသည့်အပြင် ယနေ့အထိ တန်ဖိုးအကျေပေးဆပ်ပြီး စက်ကိရိယာ ၇၉၃ စီး တန်ဖိုးကျပ် ၂၅၂ သန်းခန့်ကို ပြည်သူများပိုင်ဆိုင်လာပြီဟု သိရသည်။

"တောင်သူလယ်သမားတွေကို လက်မှုလယ်ယာကနေ စက်မှုလယ်ယာစနစ် ကူးပြောင်းနိုင်ဖို့အတွက် ကိုရီးယားနိုင်ငံက လယ်ထွန်စက်တွေကို သက်သာတဲ့ဈေးနှုန်းနဲ့ ဝယ်ယူတင်သွင်းခွင့်ရရှိခဲ့ပါတယ်။ အဲဒီလယ်ထွန်စက်တွေကို တောင်သူလယ်သမားတွေအတွက် သက်သာတဲ့ဈေးနှုန်းနဲ့ ဖြန့်ဖြူးပေးသွားဖို့ စီစဉ်နေပါတယ်။ ဒါ့အပြင် တောင်သူလယ်သမားတွေအတွက် လိုအပ်တဲ့ စိုက်ပျိုးစရိတ်ချေးငွေတွေနဲ့ လယ်ယာသုံး စက်ကိရိယာတွေကိုပါ ပံ့ပိုးပေးသွားဖို့လည်း ရှိပါတယ်"ဟု မြန်မာနိုင်ငံ ဗဟိုသမဝါယမအသင်းမှ ဦးခင်မောင်အေးက ပြောကြားသည်။

သမဝါယမစနစ်ကို မြန်မာနိုင်ငံတွင် ၁၉၀၅ ခုနှစ်တွင် နိုင်ငံတော်အစိုးရ၏ ပံ့ပိုးမှုဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့သော်လည်း အကြောင်း အမျိုးမျိုးကြောင့် အောင်မြင်မှုမရရှိခဲ့ပေ။ ယခုအခါ သမဝါယမဝန်ကြီးဌာနကို ပြန်လည်ဖွဲ့စည်းပြီး ဦးတည်ချက်နှစ်ရပ်၊ လုပ်ငန်းစဉ်ငါးရပ်နှင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းခုနစ်ရပ်တို့ကို တပေါင်းတည်း ဆောင်ရွက်နေကြောင်းသိရသည်။

**သတင်း-ရာမည(ကြေးမုံ)**



## ဓာတ်ပြားများလာရောက်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၇**

ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန အမျိုးသားစာကြည့်တိုက်(နေပြည်တော်)၌ ထိန်းသိမ်းထားရှိရန် အောက်တိုဘာ ၂၁ ရက်တွင် ဦးတင်ထွန်းအောင်-ဒေါ်မြမြဖြိုး၊ သမီးမမြတ်မွန်အောင်၊ မလင်းလက်အောင်နှင့်သား မောင်အောင်ခန့်ကျော် မိသားစု Youth Force Group of Companies အမှတ် (၃၆)၊ သံတမန်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့မှ Burmese National Anthem ဓာတ်ပြား ၂၈၃ ချပ်အား လာရောက်လှူဒါန်းခဲ့ရာ ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်ကေသီထွေးက လက်ခံပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဆေးခြောက်များသိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၇**

မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၃ ရက်တွင် ကလောမြို့အထွက် သာစည် ပူးပေါင်းစစ်ဆေးရေးစခန်း၌ တောင်ကြီးမှ ရန်ကုန်သို့ သွားရောက်မည့် တောင်ပေါ်သား ခရီးသည်တင်ယာဉ်ကိုရှာဖွေရာ ခရီးသည် စိုင်းစောမောင်၏ ဘောင်းဘီအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၅၀ ပြားနှင့် လွယ်အိတ်အတွင်းမှ ဆေးခြောက် ၄ ဒသမ ၉ ကီလို သိမ်းဆည်းရမိသဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။



စိုင်းစောမောင်အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူတွေ့ရစဉ်။

အလားတူ မဘိမ်းမြို့နယ် ငါးအိုးရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၁ ရက်က မဘိမ်းမြို့နယ် ငါးအိုးကျေးရွာ ကားကြီးဝင်းရှိ သိန်းထိုက်၏ 'သန္တာဆွေ'ထမင်းဆိုင်အား ရှာဖွေရာ ၎င်း၏ဘောင်းဘီအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀ အား သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးချက်အရ မူးယစ်ဆေးဝါးများရောင်းချသူ မဘိမ်းမြို့နယ် ဥယျာဉ်ပုကျေးရွာနေ မတူးတူးမာ၏ နေအိမ်ကို ရှာဖွေရာ ဂျပ်ဖာဘူးအတွင်းမှ ဘိန်းဖြူ ၄ ဒသမ ၂ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၄၂ ပြား ထပ်မံသိမ်းဆည်းရမိသဖြင့် ၎င်းတို့နှစ်ဦးအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

ထို့အတူ မဘိမ်းမြို့နယ် ငါးအိုးရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၁ ရက်က မဘိမ်းမြို့နယ် မဘိမ်း-ငါးအိုးသွားလမ်း ပြချောင်းကျေးရွာလမ်းခွဲအနီး၌ ကံထူးအောင်(ခ) ကိုထူး စီးနင်းလာသော ဆိုင်ကယ်ကို ရှာဖွေရာ ၎င်း၏ ဘောင်းဘီအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၃ ပြား သိမ်းဆည်းရမိသဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# ကားမှန်ခွဲ၍ ပစ္စည်းခိုးယူမှုများကို ဖော်ထုတ်ဖမ်းဆီးရမိ

**ရန်ကုန် နိုဝင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အနေဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလအတွင်း ဖြစ်ပွားခဲ့သည့် ကားမှန်ခွဲ၍ ပစ္စည်းခိုးယူမှုလေးမှုကို ဖော်ထုတ်နိုင်ခဲ့သည်။

ယင်းကဲ့သို့ ခိုးမှုများဖော်ထုတ်နိုင်ရေးအတွက် အောက်တိုဘာ ၂၇ ရက် ည ၈ နာရီခန့်တွင် လှိုင်သာယာမြို့နယ် (၁၅)ရပ်ကွက် ခရေပင်လမ်းမပေါ်၌ ပြစ်ချက်ဟောင်းရှိပြီး ပြစ်မှုကျူးလွန်ထားကြောင်း မသင်္ကာသူ ချစ်ကိုအား တွေ့ရှိစစ်ဆေးခဲ့ရာ ၎င်းနှင့် ငထွန်း(ခ)ထွန်းထွန်းဝင်းတို့သည် အောက်တိုဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီခန့်တွင် ကမာရွတ်မြို့နယ် ပြည်ရိပ်မွန်လမ်း၌ နေအိမ်ရှေ့တွင် ရပ်ထားသော မော်တော်ယာဉ် တစ်စီး၏ နောက်တံခါး တြိဂံမှန်ကို ထွန်းထွန်းဝင်းက ဝက်အူလှည့်ဖြင့်ထိုးခွဲပြီး ကားရှေ့ခန်း ထိုင်ခုံကြားတွင်ထားသော လက်ဆွဲအိတ်အား ခိုးယူခဲ့ကြကြောင်း၊ ၎င်းအားမြန်မာငွေ ၅၀၀၀ တန် သုံးရွက်နှင့် SAMSUMG GLAXY လက်ကိုင်ဖုန်းတစ်လုံးကိုသာ ဝေစုအဖြစ်ပေးခဲ့ကြောင်း ပေါ်ပေါက်ခဲ့သည်။

ယင်းပေါ်ပေါက်ခဲ့သည့် အမှုမှာ ကမာရွတ်မြို့နယ်နေ ဦးစောထွေးအောင်က ၎င်း၏ယာဉ်အတွင်းထားရှိသည့် အမေရိကန်ဒေါ်လာ ၇၆၀၊ ယူရိုငွေ ၁၀၀၊ မြန်မာငွေကျပ် ၅၀၀၀ တန် ၈၀ ရွက်ခန့်၊ ဆင်းကတ်ပါ SAMSUMG GLAXY လက်ကိုင်ဖုန်း တစ်လုံးတို့နှင့် အခြားသောအသုံးအဆောင်ပစ္စည်းများ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၄၅၇၀၀၀ ခန့်ထည့်ထားသော လက်ဆွဲအိတ်အား ယာဉ်၏မှန်ကိုခွဲပြီးခိုးယူခံရ၍ တိုင်တန်းထားရှိသော အမှုဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။

ယင်းအမှုကျူးလွန်ရာတွင် ပါဝင်ပြီး ထွက်ပြေးတိမ်းရှောင်နေသူ ငထွန်း(ခ)ထွန်းထွန်းဝင်းကို ဖမ်းဆီးရမိရေး ဆောင်ရွက်နေစဉ် အောက်တိုဘာ ၃၀ ရက်တွင် လှိုင်သာယာမြို့နယ် ရေညက်ကံကျေးရွာ၌ ရဲဘက်ပြေးတစ်ဦး ရောက်ရှိနေကြောင်း သတင်းအရ သွားရောက် ရှာဖွေဖမ်းဆီးခဲ့ရာ ၎င်းမှာ ငထွန်း(ခ) ထွန်းထွန်းဝင်းဖြစ်ပြီး ရဲဘက်မှ ထွက်ပြေးလာသူဖြစ်ကြောင်း၊ ချစ်ကိုနှင့်အတူ ကျူးလွန်ခဲ့သူဖြစ်ကြောင်း ပေါ်ပေါက်ခဲ့သည်။

ဖမ်းဆီးရမိသူ ငထွန်း(ခ) ထွန်းထွန်းဝင်းအား အခြားခိုးမှုများ ကျူးလွန်ထားခြင်းရှိ၊ မရှိ ဆက်လက်စစ်ဆေးရာ ၎င်းနှင့် ချစ်ကိုတို့ နှစ်ဦးသည် အောက်တိုဘာ ၉ ရက်တွင် မရမ်းကုန်းမြို့နယ်နေ ဦးမင်းမင်းခိုင်မှ ၎င်း၏ ယာဉ်အတွင်းထားရှိသည့် DELL PRECEARTION လက်ပ်တော့တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၉ သိန်းအား ယာဉ်၏ မှန်ကိုခွဲပြီး ခိုးယူခံရသဖြင့် ဗဟန်းမြို့မရဲစခန်း၌ တိုင်တန်းထားသော အမှုဖြစ်ကြောင်း ထပ်မံဖော်ထုတ်နိုင်ခဲ့သည်။

၎င်းအား ဆက်လက်စစ်ဆေးရာ ငထွန်း(ခ) ထွန်းထွန်းဝင်းသည် ချစ်ကို၊ သန်းဝင်း(စုံစမ်းဆဲ)တို့နှင့်အတူ အောက်တိုဘာလအတွင်းက ဗဟန်းမြို့နယ် သံလွင်လမ်းအတွင်း ရပ်ထားသော ယာဉ်တစ်စီး၏ နောက်ဘက်တံခါးမှန်အား ထိုးခွဲပြီး လက်ကိုင်ဖုန်း သုံးလုံးအား လည်းကောင်း၊ ကမ္ဘာအေးစေတီလမ်းဘဏ်အနီးတွင်ရပ်ထားသော ယာဉ်တစ်စီး၏ နောက်ဘက်တံခါးပေါက်ရှိ တြိဂံမှန်အားခွဲပြီး ငွေကျပ် ၁၅ သိန်းအားလည်းကောင်း ခိုးယူခဲ့ကြောင်း ပေါ်ပေါက်ခဲ့သည်။

ယင်းသို့ ပေါ်ပေါက်ချက်များအရ အမှုပါ ပစ္စည်းအချို့နှင့် ခိုးယူရရှိသည့်ငွေတို့ဖြင့်ဝယ်ယူထားသော ပစ္စည်းများအား ပြန်လည်သိမ်းဆည်းနိုင်ခဲ့ပြီး ပြစ်မှုကျူးလွန်သူများဖြစ်သည့် လှိုင်သာယာမြို့နယ်နေ ချစ်ကို(၂၇) နှစ်နှင့် ငထွန်း(ခ)ထွန်းထွန်းဝင်း(၂၉) နှစ်တို့ နှစ်ဦးကို ထပ်မံအမှုရေးဖွင့်ကာ ဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(တိုင်းဒေသကြီးရဲတပ်ဖွဲ့)**

AK CAR TOOLS
AIM EASY TO YOU ALWAYS
လူကြီးမင်းတို့ ၏လုပ်ငန်းဆောင်တာများကို အချိန်ကုန်လူပင်ပန်းသက်သာပြီး
လွယ်ကူသွားအောင်ကူညီလုပ်ကိုင်ပေးမည့်စက်ပစ္စည်းကိရိယာလေးများရောက်ရှိလာပါပြီ။
(၁)ကားဝပ်ရှော့
(၂)ကားဝါယာရိန်း
(၃)ကားရေဆေးဆီထိုး
(၄)ကားဆေးဘော်ဒီ
(၅)ကားအရောင်းပြခန်း
(၆)ကားဘက်ထရီ
(၇)ကားအဲကွန်းဆိုင်
(၈)ကားတာယာဆိုင်
(၉)ကားအပိုပစ္စည်းဆိုင်
(၁၀)ကားအောက်ပိုင်းပြုပြင်ရေး
လုပ်ငန်းများအတွက်
Spark Plug
Jump Starter(12V)
Email : akcartools@gmail.com, Website : www.akcartools.com , Facebook : AK CAR TOOLS (Fan Page)

ပိုင်ရှင်မှ တိုက်ရိုက်ရောင်းမည်။
ကိုယ်ပိုင်နေရန်အထူးအဆင့်မြင့်သည်။ အငှားထားလျှင်ဈေးကောင်းရမည်။
ကျောက်မြောင်း၊ ဓမ္မဝိဟာရလမ်း၊ တတိယထပ်၊ (15'x50')၊ အထူးအဆင့်မြင့်ပြင်ဆင်ပြီး၊ အိမ်ရှေ့ဗာရျာဆွဲတံခါးမကြီး၊ အဆင့်မြင့်ကန့်တ်သံပန်းအလှများနှင့် ဆန်းရိုက်တစ်အိမ်လုံးပြည့်တပ်ဆင်၍ ပန်းကန့်တ်ကျွန်းတံခါးများနှင့် PVC ပြတင်းပေါက်ကျယ်များ တအိမ်လုံးပြည့်တပ်ဆင်ထားသည်။ (အိပ်ခန်း(၂)ခန်းပါ) A/C(1)လုံး၊ မျက်နှာကျက်ကောနစ်၊ မီးအလှနှင့် အဆင့်မြင့်မီးဆိုင်းများတပ်ဆင်ထားသည်။ အဆင့်မြင့်ပါကေးခင်းပြီး၊ ကြွေပြားများ တစ်အိမ်လုံးပြည့်ခင်းကပ်၍ မီးဖိုခန်းနှင့်ဗီဒိုများတပ်ဆင်ထားသည်။ ရေချိုးခန်း Pressur Pump၊ ရေပူ/ရေအေးတပ်ဆင်ပြီး ဘိုထိုင်၊ ရေမီးကိုယ်ပိုင် (အသင့်နေနိုင်) (ပွဲစား၊အကျိုးဆောင်၊ကြော်ငြာများမလိုပါ)
ကျပ်သိန်း→(510) Ph:09-5053076

# အင်းစိန်တွင် ဓားကိုင်လုယက်သူများအား ဖော်ထုတ်ဖမ်းဆီး

**ရန်ကုန် နိုဝင်ဘာ ၇**


အင်းစိန်မြို့နယ် စဉ့်ငူရပ်ကွက် ပုလဲလမ်းမဘေးတွင် ဖွင့်လှစ်ထားသော "ဆုံဆည်းရာ" စားသောက်ဆိုင်၌ နိုဝင်ဘာ ၂ ရက် ည ၁၁ နာရီက ဆိုင်ပိတ်၍ဆိုင်ရှင်က မိသားစုလေးဦးနှင့်အတူ ဆိုင်ရှိအိပ်ခန်းအတွင်း အိပ်ရာဝင်ခဲ့ပြီး ဆိုင်အလုပ်သမားကျား/မ ၁၃ ဦးတို့မှာလည်း ဆိုင်အတွင်းနေရာအသီးသီး၌ အိပ်ရာဝင်ခဲ့ကြကြောင်း၊ နိုဝင်ဘာ ၃ ရက် နံနက် ၂ နာရီ ၁၅ မိနစ်တွင် ဆိုင်ရှင်ဇနီးဖြစ်သူက ဆိုင်ရှေ့တွင် ဓားကိုင်ဆောင်ထားသူအမျိုးသား တစ်ဦးကို တွေ့ရှိကြောင်း ပြောသဖြင့် အိပ်ခန်းမှထွက်ကြည့်ခဲ့ရာ ဆိုင်အတွင်းတွင် ဓားရှည်ကိုင်ဆောင်ထားသည့် အသက်(၃၀)ခန့် အမျိုးသားနှစ်ဦးက ဆိုင်ရှင်အား ဓားဖြင့်ထောက်ကာ ပါးစပ်နှင့်မျက်လုံးတို့ကို တိပ်အဝါဖြင့်ပိတ်ပြီး လက်နောက်ပြန်ချည်နှောင်ခဲ့ကြောင်း၊ ကျန်အလုပ်သမားများအား ဆိုင်အတွင်း စုဝေးထိုင်စေပြီး အိပ်ခန်းအတွင်းရှိ ဗီရိုအတွင်းမှ ငွေကျပ် ၃၂ သိန်းနှင့် လက်ကိုင်ဖုန်း ငါးလုံးတို့ကို ခြိမ်းခြောက် လုယက်ယူဆောင်သွားခဲ့သည်။

အမှုအား အမြန်ဖော်ထုတ်နိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက ဆောင်ရွက်ရမည့်အစီအမံများကို အသေးစိတ်ချမှတ်ခဲ့ပြီး တိုင်းဒေသကြီး/ခရိုင်/မြို့နယ်များရှိ အထူးအဖွဲ့များအား စုံစမ်းဆောင်ရွက်စေခဲ့ရာ အခင်းဖြစ်နေ့က ပြစ်မှုကျူးလွန်သူများသည် ဆိုင်နှင့်ကိုက် ၁၀၀ အကွာရှိ ကွန်တိန်နာယာဉ်များကြား၌ ရပ်တန့်ထားသည့် ပရိဘောက်ယာဉ်တစ်စီးဖြင့် ပုလဲလမ်းမကြီးအတိုင်း ထွက်ခွာသွားကြောင်း၊ ပြည်သူတစ်ဦးထံက သတင်းရရှိသည့်အပြင် ရဲတပ်ဖွဲ့က ပြစ်ချက်ဟောင်းရှိလူဆိုးမှတ်တမ်းများကို ဆိုင်ရှိအလုပ်သမားများအား ပြသစုံစမ်းခဲ့ရာ လုယက်သူတစ်ဦး၏ မှတ်တမ်းဓာတ်ပုံနှင့်တူညီသည်ဟု ထင်မြင်ကြောင်း သိရှိရသဖြင့် ၎င်းသတင်းကွင်းဆက်များဖြင့် အပူတပြင်းလိုက်လံစုံစမ်းဆောင်ရွက်ခဲ့သည်။

ထို့နောက် မသင်္ကာဖွယ်ရာ ပရိဘောက် မော်တော်ယာဉ်တစ်စီး လှော်ကားတိုးဂိတ်မှ ထွက်ခွာသွားကြောင်းသိရပြီး လှော်ကားလမ်းမကြီးဘေးတွင် အခင်းဖြစ်စဉ်က သုံးခဲ့သည့် ကျောပိုးအိတ်သုံးလုံးနှင့် မော်တော်ယာဉ်အမှတ်/. . . ပါ နံပါတ်ပြားတစ်ခုအား လွှင့်ပစ်ထားသည်ကို တွေ့ရှိခဲ့ရသဖြင့် အဆိုပါကွင်းဆက်များအရ အင်းစိန်မြို့နယ်နေ ဇော်ဦး(၃၉)နှစ်အား ဖမ်းဆီးရမိပြီး စစ်ဆေးခဲ့ရာ အင်းစိန်မြို့နယ်နေ ကျော်ကျော် (ခ) ထိုက်ကိုကို၊ ဘိုမင်း (ခ)ဘိုဘိုမင်း၊ လှိုင်သာယာမြို့နယ်နေ မမိုးမိုးတို့နှင့်အတူ ကျူးလွန်ခဲ့ကြောင်း ပေါ်ပေါက်သဖြင့် ၎င်းတို့သုံးဦးအား ထပ်မံဖမ်းဆီးရမိခဲ့ပြီး သက်သေခံပစ္စည်းများ သိမ်းဆည်းနိုင်ခဲ့သည်။

ဆက်လက်၍ ၎င်းတို့အား စစ်ဆေးဖော်ထုတ်ချက်အရ အောက်တိုဘာ ၂၄ ရက်ကလည်း အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက် အောက်မင်္ဂလာဒုံလမ်းရှိ စတိုးဆိုင်မှ ငွေကျပ်လေးသိန်း၊ တယ်လီနောဆင်းကတ် ၂၄ ကတ်၊ Portable TV တစ်လုံး၊ အရက်ပုလင်းများ၊ အချိုရည်ဘူးများကို ဓားဖြင့်ခြိမ်းခြောက်လုယက်ခဲ့ကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။

(၀၄၀)



# အလှပြင်ဆိုင်အတွင်းသို့ ဝင်ရောက်သွားသောကား

**သီပေါ နိုဝင်ဘာ ၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့၏ လူစည်ကားရာ မိုင်းပွန်လမ်းရှိ ဒုဋ္ဌဝတီ အားကစားကွင်းရှေ့၌ နိုဝင်ဘာ ၆ ရက်(တန်ဆောင်မုန်းလပြည့်)နေ့ ၁၂ နာရီခန့်က ယာဉ်အမှတ် (၃ဂ/. . .) CALDINA အမျိုးအစား မော်တော်ယာဉ်တစ်စီးသည် အရှိန်မထိန်းနိုင်ဘဲ အလှပြင်ဆိုင်ခန်းမအတွင်းသို့ဝင်ရောက်တိုက်မိမှုတစ်ရပ်ဖြစ်ပွားခဲ့သည်။

စိုင်းထွန်းမြင့်ဆိုသူမောင်းနှင်သော အဆိုပါယာဉ်သည် လမ်းကြောင်းအတိုင်းမောင်းနှင်လာစဉ် အခြားယာဉ်အချို့ကို ရှောင်တိမ်းလိုက်ရာမှ အရှိန်မထိန်းနိုင်ဘဲ ယခုကဲ့သို့ အလှပြင်ဆိုင်ထဲသို့ ဝင်ရောက်သွားခြင်းဖြစ်သည်ဟုဆိုသည်။

၎င်းမော်တော်ယာဉ်မှာ ရှေးဦးစွာ အလှပြင်ဆိုင်ရှေ့၌ ဖွင့်လှစ်ထားသော ခေါက်ဆွဲ စားသောက်ဆိုင်ကို တိုက်ကာအရှိန်ဖြင့် အလှပြင်ဆိုင်ရှေ့ခန်းကို ဝင်ရောက်တိုက်မိပြီး ရပ်တန့်သွားခဲ့သည်ဟုဆို၏။

၎င်းယာဉ်တိုက်မှုကြောင့် ကလေးငယ် တစ်ဦးဒဏ်ရာရရှိသည်မှအပ လူသေဆုံးဒဏ်ရာရမှုမရှိဘဲ ကားကိုလူအုပ်စုဖြင့် ဝိုင်းဝန်းမတင်ဆွဲထုတ်ပေးခဲ့ကြရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ သီပေါမြို့မရဲစခန်းမှ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**(သီပေါကိုလတ်)**

# မိုးစပါးရိတ်သိမ်းချိန် လိုက်နာဆောင်ရွက်ရန် နှိုးဆော်ချက်

၁။ ယခုအခါ မိုးစပါးများစတင်ရိတ်သိမ်းလျက်ရှိပါသည်။ အချိန်အခါမဲ့ မိုးရွာသွန်းမှုများကြောင့် ရိတ်သိမ်းဆဲစပါးများ လေလွင့်ဆုံးရှုံးမှုမဖြစ်စေရေးအတွက် အောက်ပါလုပ်ငန်းများကို လိုက်နာဆောင်ရွက်ကြရပါမည်။

၂။ စပါးလေလွင့်မှုသက်သာစေရန် မောင်းညိုချိန်တွင် ရိတ်သိမ်းပါ။

၃။ ရိတ်သိမ်းရာတွင် နေသာသောနေ့များ၌ ရိတ်သိမ်းပါ၊ မိုးရွာသွန်းပါက ရိတ်သိမ်းမှုရပ်နားထားပါ။

၄။ ရင့်မှည့်ပြီးစပါးခင်းများ မိုးရွာသွန်းခြင်း၊ လေတိုက်ခြင်းတို့ကြောင့် ယိုင်လဲမှုဖြစ်ပေါ်လာပါက ယင်းစပါးခင်းများကို အောင်ရေအမြန်ဆုံးထုတ်ပေးပြီး ဦးစွာရိတ်သိမ်းပါ။

၅။ ရိတ်သိမ်းစက်၊ ခြွေလှေ့စက်၊ ရိတ်သိမ်းခြွေလှေ့စက်၊ အခြောက်ခံစက်များသုံးစွဲနိုင်ရေးအတွက် ကိုယ်ပိုင်(သို့မဟုတ်) ငှားရမ်းရရှိမည့် စက်စွမ်းအားများရရှိရေးကို ကြိုတင်ဆောင်ရွက်ထားပါ။

၆။ စက်ကိရိယာများ၊ ကောက်ရိတ်လုပ်သားများ၊ လွယ်ကူစွာဝင်ရောက်ရိတ်သိမ်းနိုင်ရေးအတွက် စပါးရိတ်သိမ်းချိန်မတိုင်မီ သီတင်း(၂)ပတ်ခန့် ကြိုတင်၍အောင်ရေထုတ်ပေးထားပါ။

၇။ အချိန်တိုအတွင်း ရိတ်သိမ်းခြွေလှေ့မှု ပြီးစီးရန် ရိတ်သိမ်းခြွေလှေ့စက်များ(Combined Harvester) အသုံးပြု၍ တလင်းပျောက်စနစ်ဖြင့် ရိတ်သိမ်းပါ။

၈။ စက်ကိရိယာအခက်အခဲကြောင့် လူလုပ်အားဖြင့် ဆောင်ရွက်ရပါက တစ်ကွက်ချင်းကို အပြီးရိတ်သိမ်းပြီး ချက်ချင်းခြွေလှေ့ပါ။ တစ်ကွက်ပြီးမှ နောက်တစ်ကွက် ဆက်လက်ဆောင်ရွက်ပါ။

၉။ မိမိကျေးရွာအလိုက် ကောက်ရိတ်လုပ်သားများဖြင့် ရိတ်သိမ်းရလျှင် စပါးရင့်မှည့်မှုအလိုက် အလှည့်ကျရိတ်သိမ်းခြွေလှေ့ခြင်းကို ညှိနှိုင်းဆောင်ရွက်ပါ။

၁၀။ ချက်ချင်းမခြွေလှေ့နိုင်သည့် ကောက်လှိုင်းထုံးများကို ကန်သင်းပေါ်တွင် စုပုံထားရှိခြင်းမပြုပါနှင့်။ တလင်းသို့ အမြန်ဆုံးသယ်ယူ၍ စနစ်တကျစုပုံထားရှိပါ။ မိုးရေလျော့ကျမှုလွယ်ကူစေရန် တစ်ဖက်စောင်းနိမ့်ပုံစံဖြင့် စုပုံပါ။

၁၁။ မခြွေလှေ့မီ မိုးရွာပါက စုပုံထားသော ကောက်လှိုင်းပုံကို မိုးရေလုံအောင် ဖုံးအုပ်ထားပါ။

၁၂။ စုပုံထားသော ကောက်လှိုင်းပုံများကို နေသာချိန်တွင် အမြန်ဆုံးခြွေလှေ့ပါ။

၁၃။ ခြွေလှေ့ပြီးစပါးများကို အစိုဓာတ် ၁၄ ရာခိုင်နှုန်းရရှိသည်အထိ အခြောက်ခံစက်အသုံးပြု၍ (သို့မဟုတ်) နေလှန်း၍ အခြောက်ခံပါ။

၁၄။ ခြောက်သွေ့ပြီးစပါးများကို အမိုးအကာအောက်သို့ ရွှေ့ပြောင်းသိုလှောင်ပါ။

၁၅။ မိုးစပါးများရိတ်သိမ်းချိန်တွင် လေလွင့်ဆုံးရှုံးမှုများသက်သာစေရန်အတွက် အထက်ပါလုပ်ငန်းစဉ်များကို တောင်သူလယ်သမားများအားလုံးစနစ်တကျအပြည့်အဝလိုက်နာဆောင်ရွက်ကြပါရန်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများတို့မှလည်း ပူးပေါင်းကူညီဆောင်ရွက်ပေးနိုင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၁၆။ အကူအညီလိုအပ်ပါက တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနရုံးများသို့ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

**(လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**




# မန္တလေးစက်မှုတက္ကသိုလ်
## 1 to 9 Batch
## ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ

ကျင်းပမည့်နေရာ - M.I.T ကျောင်းဝင်း (ယခုမန္တလေးနည်းပညာတက္ကသိုလ်)
ကျင်းပမည့်နေ့ရက် - ၂၇-၁၂-၂၀၁၄ ရက် (စနေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီ

အလှူငွေများ လှူဒါန်းရန်

| | | | | |
|---|---|---|---|---|
| မန္တလေး | ကိုငွေးဝင်းအောင် | (5136683)၊ | ကိုမိုးနိုင်ဦး | (2015694) |
| | ကိုကြည်သာမြင့် | (2001181)၊ | ကိုစစ်သွေးကျော် | (444020678) |
| | ကိုသန့်ဇင်ထွေး | (2025885)၊ | ကိုဘိုဘိုကျော် | (2054508) |
| | ကိုထွန်းထွန်းမင်း | (2002424)၊ | ကိုထွန်းလမင်း | (2001030) |
| | ကိုဉာဏ်ကျယ် | (43103733)၊ | ကိုနိုင်ဝင်းထွန်း | (444222888) |
| နေပြည်တော် | ကိုဝင်းနိုင် | (6520287)၊ | ကိုမိုးသာ | (6520791) |
| | ကိုမင်းမင်းဇော် | (8624673)၊ | မစစ်ငြိမ်းချမ်းအေး | (2024883) |
| | ကိုအောင်ကျော်မှူး | (5078299)၊ | မယဉ်မင်းမျိုး | (2025047) |
| | ကိုဧရာအောင် | (43019590)၊ | ကိုနေဇင်ဦး | (6520792) |
| | ကိုခန့်ထက် | (49202895)၊ | | |
| ရန်ကုန် | မသီဂီစိုး | (428356776)၊ | ကိုနိုင်ဝင်း | (5175244) |
| | ကိုကျော်လွင်ဦး | (254397001)၊ | မယဉ်မာသိန်း | (5092285) |
| | ကိုသက်မောင် | (31241831)၊ | ကိုသန့်စင် | (5009810) |
| | ကိုဝင်းထွန်း | (73104997)၊ | ကိုဥက္ကာတင်ဦး | (5402227) |

Laurel Art Academy (ရုပ်ရှင်အနုပညာသင်ကျောင်း)

**ရုပ်ရှင်သရုပ်ဆောင်အပတ်စဉ်(၅)ကို အထူးအစီအစဉ်ဖြင့်ဖွင့်လှစ်ခြင်း**

ယခင်ဖွင့်လှစ်ခဲ့သော သင်တန်းကာလ (၁၀) လ အစား (၆) လဖြင့် သရုပ်ဆောင်တစ်ယောက်တတ်အပ်သော ပညာများကို ထိထိမိမိသင်ကြားပေးသွားမည်၊ အသက် (၁၅) နှစ်အထက် အသက်အရွယ်မရွေး တက်ရောက်နိုင်ပြီး အနိမ့်ဆုံး ပညာအရည်အချင်း (၈) တန်းရှိရပါမည်၊

**ရရှိမည့် အခွင့်အရေးများ**

လက်တွေ့ ရိုက်ကူးခြင်းသင်ခန်းစာအဖြစ် ကုမ္ပဏီမှ ရိုက်ကူးထုတ်လွှင့်လျက်ရှိသော ရုပ်မြင်သံကြားဇာတ်လမ်းတွဲ ရုပ်ရှင် နှင့် Video ဇာတ်ကားများတွင် ထည့်သွင်း ရိုက်ကူးပေးသွားပါမည်။ ထူးချွန်ထက်မြက်သော သင်တန်းသားများကို နိုင်ငံတကာမှ လာရောက်ရွေးချယ်သော ဇာတ်လမ်းများအတွက် ချိတ်ဆက်ပေးခြင်း ထုတ်လုပ်ရေး၏ ပင်တိုင်သရုပ်ဆောင်အဖြစ် ရွေးချယ်ခြင်း အခွင့်အရေးများ ရရှိမည် ဖြစ်ပါသည်။

ဒီဇင်ဘာလအတွင်း ဖွင့်လှစ်ပါမည်၊ အပတ်စဉ်(၅)အတွက် သင်တန်းသားသစ်များ အမြန်ဆုံး လာရောက်စာရင်းသွင်း အပ်နှံနိုင်ပါသည်၊

အမှတ်-၁/၅(စီ)၊ပုလဲဥယျာဉ်အိမ်ရာ(ပုလဲကွန်ဒိုဝင်း)၊ဆရာစံရပ်ကွက်၊ဗဟန်း၊ရန်ကုန်။ ဖုန်း - ၀၁-၅၅၅၆၂၄၊ ၀၁-၅၅၅၉၀၅၊ ၀၉-၇၃၁၅၃၈၈၂

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

# အရှေ့တောင်အာရှနိုင်ငံများ စိုက်ပျိုးစီးပွားရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန်၊ နိုဝင်ဘာ ၇**

စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများအတွင်းရှိ စိုက်ပျိုးစီးပွားရေးကဏ္ဍဆိုင်ရာများတွင် လူ့အခွင့်အရေး အခြေပြု ပြုပြင်ပြောင်းလဲရေးအတွက် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို နိုဝင်ဘာ ၆ ရက်က ရန်ကုန်မြို့ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်၊ ယူကေနိုင်ငံအခြေစိုက် နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်သည့် Forest Peoples Programme နှင့် ထိုင်းနိုင်ငံအခြေစိုက် နိုင်ငံတကာအဖွဲ့အစည်း တစ်ခုဖြစ်သည့် RECOFTC The Center for People and Forests တို့က ပူးပေါင်းစီစဉ်ကာ Rights and Resources Initiative(RRI)၊ The Climate and Land Use Alliance (CLUA)၊ Ford Fourdation နှင့် DFID တို့က ကန်တော်ကြီး ပဲလေ့စ်ဟိုတယ်တွင်သုံးရက်ကြာ ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် အရှေ့တောင်အာရှနိုင်ငံများရှိ စိုက်ပျိုးရေးလုပ်ငန်းများနှင့် နိုင်ငံတကာရင်း နှီးမြှုပ်နှံမှုများတွင် ဥပဒေစည်းမျဉ်းစည်းကမ်းများ ပိုမိုကောင်းမွန်စေရေးအတွက် အလုပ်ရုံဆွေးနွေးပွဲမှ ထွက်ပေါ်လာသော အချက်အလက်များဖြင့် တွန်းအားပေးကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းတို့ကို နိုင်ငံတော်သမ္မတနှင့် လွှတ်တော်များသို့လည်း တင်ပြကာ ကြိုးပမ်းဆောင်ရွက်သွားမည်ဟု သိရသည်။

"မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံတစ်နိုင်ငံဖြစ်တဲ့အတွက် အထူးသဖြင့်တော့ လယ်သမားတွေရဲ့ အရေးကိစ္စပေါ့။ မြန်မာနိုင်ငံလူဦးရေအများစုက လယ်ယာလုပ်ငန်းနဲ့ သစ်တောဧရိယာတွေမှာ လုပ်ကိုင်စားသောက်နေသူတွေဖြစ်တဲ့အတွက် စီးပွားရေးအသွင်ပြောင်းတဲ့ကာလမှာ အပြောင်းအလဲများစွာ ရှိလာပါတယ်။ ဒေသခံပြည်သူများရဲ့ အခွင့်အရေး ခိုင်မာစေရေးနဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေမှာ ရှိနေတဲ့ အဟန့်အတားတွေကို ရင်ဆိုင်နိုင်စေမယ်လို့ ဆွေးနွေးပွဲက မျှော်လင့်ပါတယ်။ ဆွေးနွေးပွဲ ရလဒ်တွေကို အဖြေထုတ်ပြီး နိုင်ငံတော်ကို တင်ပြသွားမှာပါ။

'အခုလက်ရှိမှာလည်း နိုင်ငံမှာ မြေယာအသုံးချမှု မူဝါဒမူကြမ်းရေးဆွဲနေတာဆိုတော့လေ။ အဲဒါကို အထောက်အကူပြုနိုင်မယ်ထင်ပါတယ်" ဟု မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ဒေါက်တာဒေါ်သန်းနွယ်က ပြောသည်။

အရှေ့တောင်အာရှနိုင်ငံအများစု၏ စီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးအခြေခံစီးပွားရေးလုပ်ငန်းများဖြစ်ပြီး အဆိုပါကဏ္ဍတွင် လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများ၊ မြေယာအသိမ်းခံရမှုများ၊ မြေယာအငြင်းပွားမှု ပြဿနာများ ပိုမိုဖြစ်ပေါ်လာပြီး သဘာဝသယံဇာတများကို အမှီပြုနေသည့် ပြည်သူများနှင့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပိုမိုခိုင်မာစေရေးအတွက် ပြုပြင်ပြောင်းလဲရေးများရှိစေရန် ဆောင်ရွက်သွားနိုင်မည်ဟု အဆိုပါဆွေးနွေးပွဲမှ မျှော်လင့်ထားကြောင်း သိရသည်။



ဆွေးနွေးပွဲသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အမျိုးသားလူ့အခွင့်အရေးကော်မရှင်များ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ လာအိုနိုင်ငံတို့မှ အရပ်ဘက်ဆိုင်ရာ လူ့အဖွဲ့အစည်းများနှင့် ကုလသမဂ္ဂကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ **(၀၀၁)**

# ၂၀၁၃–၂၀၁၄ ပညာသင်နှစ် ဘက်စုံထူးချွန်နှင့် ဘာသာစုံဂုဏ်ထူးရှင် ဂုဏ်ပြုအစီအစဉ်ဖြင့် စင်ကာပူနိုင်ငံသို့ လေ့လာရေး ထွက်ခွာ

**ရန်ကုန်၊ နိုဝင်ဘာ ၇**

သန်လျင်မြို့၊ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းမှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ဘက်စုံထူးချွန် (လူရည်ချွန်) နှင့် တက္ကသိုလ်ဝင်တန်း ဘာသာစုံဂုဏ်ထူးရှင် မသင်းနွယ်ဇင်နှင့် မခင်ငြိမ်းချမ်းအေးတို့နှစ်ဦးအား စင်ကာပူနိုင်ငံသို့ လေ့လာရေးခရီးစေလွှတ်ခဲ့ရာ နိုဝင်ဘာ ၅ ရက်က စင်ကာပူနိုင်ငံသို့ ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

ယင်းတို့နှစ်ဦးသည် မိဘဆရာအသင်းကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် ကျောင်းသားဟောင်းများ၏ ဂုဏ်ပြုအစီအစဉ်အဖြစ် စင်ကာပူသမ္မတနိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ရန် နိုဝင်ဘာ ၅ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာကြရာ အဖွဲ့နာယက ဦးတင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်တိုးနှင့် အဖွဲ့ဝင်များ မိဘဆွေမျိုးများနှင့် ဆရာ၊ ဆရာမများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

လာမည့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင်လည်း ယင်းကဲ့သို့ ထူးချွန်ကျောင်းသား၊ ကျောင်းသူများ ပေါ်ထွန်းပါက ယင်းအဖွဲ့မှ ဂုဏ်ပြုပို့ဆောင်ပေးရန် စီစဉ်ထားကြောင်းသိရသည်။ **သန်းဝင်း(သန်လျင်)**

# လမ်းဖြတ်ကူးသူကို ကွန်တိန်နာယာဉ်ဝင်တိုက်

**ရန်ကုန်၊ နိုဝင်ဘာ ၇**

ကြည့်မြင်တိုင်မြို့နယ်တွင် နိုဝင်ဘာ ၄ ရက် ည ၉ နာရီခွဲက ကမ်းနားလမ်းအတိုင်း ကမာရွတ်ဘက်မှ ကြည့်မြင်တိုင်ဘက်သို့ ခရမ်းမြို့နယ်နေ ယာဉ်မောင်း ကိုဇော်မျိုးခိုင် မောင်းနှင်လာသော နစ်ဆန်းဒီဇယ် ကွန်တိန်နာအငှားယာဉ်သည် ကျောင်းကြီးလမ်းသွယ်ထိပ်အနီးအရောက်တွင် လမ်းဖြတ်ကူးသူ ကြည့်မြင်တိုင်မြို့နယ်နေ ကိုဇော်နိုင်ဦး (၃၇) နှစ်အား ဝင်ရောက်တိုက်မိခဲ့ကြောင်း သိရသည်။

အဆိုပါယာဉ်တိုက်မှုကြောင့် ယာဉ်တိုက်ခံရသူ ကိုဇော်နိုင်ဦးတွင် ဦးခေါင်းယာချိုစောင်းစုတ်ပြဲဒဏ်ရာရရှိကာ ရန်ကုန်ဆေးရုံကြီးတွင် အတွင်းလူနာ (သတိမရ၊ စိုးရိမ်ရ) အဖြစ် တင်ပို့ကုသခဲ့ရသဖြင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း ကိုဇော်မျိုးခိုင်အား ကြည့်မြင်တိုင်မြို့မရဲစခန်းက ယာဉ်(ပ)၄၂/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၃၈/၂၇၉ ဖြင့် အရေးယူထားကြောင်း သိရသည်။ **စိုးဝင်း(MLA)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

ခါကာဘိုရာဇီ ကားမျိုးစုံစင်းလုံးငှါးအထူးလျှော့ဈေး
> အင်းလေး၊ ပင်းတယ၊ ကလော၊ ထန်စမ့်ဂူ
> မန္တလေး၊ ပြင်ဦးလွင်၊ မုံရွာ၊ စစ်ကိုင်း၊ ဆွမ်းဦးပုညရှင်
> ပုဂံ (စွယ်တော်လေးဆူ)၊ ပခုက္ကူ၊ ပုပ္ပါး အပတ်စဉ်(သောကြာ)
ငွေဆောင် (စား/တည်းခိုမ်း– ၂ ညအိပ်၊ ၃ရက်– ၄၅၀၀၀)
ချောင်းသာ/ကျိုက်ထီးရိုး (စား/တည်းခိုမ်း–၂၅၀၀၀ဝ)
ရွှေ-ခြည်-နေခြည်တော် (နေ့ချင်းပြန်ဝန်ဆောင်မှု)
0973257853
0943160345

since1984 095146452
အဖြူလေး
ဦးဟန်သာ အင်္ဂလိပ်စာ
တက္ကသိုလ် ဆရာဟောင်း
အမှတ်၅(၃လွှာ) ဦးထွန်းလင်းခြံလမ်းကမာရွတ်လှည်းတန်း
မေးခွန်းပုံစံအတိုင်း ကွန်ပျူတာဖြင့် လေ့ကျင့် သင်ကြားပေးမည့်
ပညာတော်သင်ဆု
Aptis Test
ရုံးချိန်လွတ် အနီးကပ်နေ့စဉ်တက်ထပ် ဖွင့်ပြီ
ကျောင်းစာရေး(၁) ကွန်ပျူတာရိုက်နိုင်သူ(၁)
အမြန်အလိုရှိသည်

ဆရာဌေး အင်္ဂလိပ်စာသင်တန်း
သဒ္ဒါ နှင့် အရေးသီးသန့်
တစ်နိုင်ငံလုံးမှာ မူလတီထွင် သင်ကြားသော အမှန်တကယ် တွေးတတ်၊ လက်တန်းရေးတတ်စေတဲ့ သုံးဆင့်သင်နည်းသစ် စာအုပ်သည် ဆရာများကိုယ်တိုင် လက်ကိုင်ထားသင်ပေးနေသည့် (ပ/ဒုတွဲ)စာအုပ်ဖြစ်၍ အမြို့မြို့ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက်(၅)လ တက်ရုံနှင့် လုံးဝရေးတတ်မည်။
ဘွဲ့ကြို၊ ဘွဲ့ရ၊ ၁၀–တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
နိုဝင်ဘာ (၅/၆/၈)ရက်နေ့ (ပ/ဒု)တန်းခွဲသစ် ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
Speaking နှင့် ၅ တန်းမှ ၁၀တန်းထိ ဝိုင်း/Guide/အိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
01-375970, 0951 72096, 0925 4541441

## မွန်ပြည်နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
## ရန်ကုန်-မြိတ်လမ်း(လမိုင်းမြို့နယ်ခွဲအပိုင်း)
## ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လုပ်ငန်းသုံးလမ်းခင်းပစ္စည်းများ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မွန်ပြည်နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မော်လမြိုင်ခရိုင်အတွင်း၊ ရန်ကုန်-မြိတ်လမ်း(လမိုင်းမြို့နယ်ခွဲအပိုင်း) ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်လျက်ရှိသော လုပ်ငန်းသုံးလမ်းခင်းပစ္စည်း(ခွဲကျောက်ရွယ်စုံနှင့် ဂဝံမြေ)များကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသည်။

(က) တင်ဒါလျှောက်လွှာရယူနိုင်သည့်
- နေ့ရက် - ၇-၁၁-၂၀၁၄ ရက် (သောကြာနေ့)မှစတင်၍
- နေရာ - အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့။ လမိုင်းမြို့နယ် အင်ဂျင်နီယာရုံး၊ ပြည်သူ့ဆောက်လုပ် ရေးလုပ်ငန်း၊ လမိုင်းမြို့။

(ခ) တင်ဒါလျှောက်လွှာပိတ်/ဖွင့်မည့်
- နေ့ရက် - ၂၄-၁၁-၂၀၁၄ ရက် (တနင်္လာနေ့)
- အချိန် - နံနက် ၁၀း၀၀နာရီ
- နေရာ - အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့

အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဖော်ပြပါရုံးများနှင့် ဖုန်းနံပါတ်များတွင် ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ဖုန်း-၀၅၇-၂၄၉၁၇၊ ၀၅၇-၂၄၇၅၉၊ ၀၅၇-၂၄၅၈၅

သည်းထိတ်ရင်ဖို သရဲဝိညာဉ် ဇာတ်ကားကြီး



Junction Cineplex တွင် 7.11.2014 မှ စတင်ပြသမည့် ဇာတ်ကားများ

| | | |
|---|---|---|
| Junction Square ( Ph - 01 527055, 09 2544 24544) | | |
| Mister Babadook | Sun to Thu | 10 AM , 1 PM , 4 PM , 7 PM |
| | Fri & Sat | 10 AM , 1 PM , 4 PM , 7 PM , 9 : 30 PM |
| Annabelle (Dell Digital Cinema) | Sun to Thu | 10 AM , 1 PM , 4 PM , 7 PM |
| | Fri & Sat | 10 AM , 1 PM , 4 PM , 7 PM , 9 : 30 PM |
| စုန်းပြူး | Sun to Thu | 10 AM , 12 : 30 PM , 3 : 30 PM , 6 : 30 PM |
| | Fri & Sat | 10 AM , 12 : 30 PM , 3 : 30 PM , 6 : 30 PM , 9 : 30 PM |
| Junction Maw Tin ( Ph - 01 225 244 ) | | |
| Mister Babadook | Sun to Thu | 10 AM , 1 PM , 4 PM , 7 PM |
| | Fri & Sat | 10 AM , 1 PM , 4 PM , 7 PM , 9 : 30 PM |
| စုန်းပြူး | Sun to Thu | 10 AM , 12 : 30 PM , 3 : 30 PM , 6 : 30 PM |
| | Fri & Sat | 10 AM , 12 : 30 PM , 3 : 30 PM , 6 : 30 PM , 9 : 30 PM |
| Junction Nay Pyi Taw ( Ph - 067 421 615) | | |
| Mister Babadook | Mon to Thu | 11 AM , 6 : 30 PM |
| | Fri to Sun | 10 : 30 AM , 4 : 30 PM |
| November Man | Mon to Thu | 2 : 00 PM |
| | Fri to Sun | 1:30 PM, 7: 30 PM |

The VOICE Weekly
Vol.10, No.43
ထွက်ပြီ
The Voice Weekly ပရိသတ်များအတွက် အထူးမေတ္တာလက်ဆောင်
ယနေ့ထုတ် The Voice Saturday သတင်းစာအခမဲ့ရယူပါ။
◆ ပြည်သူ့အကျိုးစီးပွားကို လောင်းကြေးထပ်ထားသည့် နိုင်ငံရေးလှည့်ကွက်များ၏ လားရာ မျက်နှာစုံးဆောင်းပါ။
◆ နန်းကျမြို့ဟောင်း။ ဆောက်၊ ဖျက် စည်ပင်နှင့် စီးပွားရေးမြို့တော်က ထိုင်ခုံရွှေ့ပွဲ၊
◆ လင်းယုန်ကြီး၏ ဒုတိယအကြိမ် ပျံသန်းခြင်းမှ မြန်မာတို့ အမြတ်ထုတ်စရာ၊
◆ ဒေါက်တာသန့်မြင့်ဦး၏ လွတ်လပ်သော မြန်မာအတွက် စီးပွားရေးအပြောင်းအလဲ သော့ချက်၊
◆ လေးပွင့်၊ ဆယ့်လေးပွင့်နှင့် ပြည်သူတို့၏ ခြောက်ကပ်ကပ် အနာဂတ်၊
◆ လောရောက် အိုဘားမားသို့ နေပြည်တော်မှ သတင်းစကား။
◆ ကိုပါကြီး။ သတင်းထောက် စစ်တမ်းနှင့် Rules of Engagement
◆ ငြိမ်းချမ်းရေးနဲ့ စည်းလုံးညီညွတ်ရေးကို ဆော်ဩလိုက်တဲ့ ဘုရားစီးသမ္မတ၊
စတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ပြည်တွင်း ပြည်ပ အနုပညာ၊ အားကစားကဏ္ဍစုံလင်စွာဖြင့် စနေနေ့မှာ မလွတ်တမ်းဖတ်ရှုလိုက်ပါ။

**အားကစား**

# ကမ္ဘာ့အကောင်းဆုံးကစားသမားတွေထဲမှ အကောင်းဆုံးဖြစ်လာရန် မျှော်လင့်နေသူ (သို့မဟုတ်) ခရစ္စတီယာနိုရော်နယ်လ်ဒို

စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်း၏ တောင်ပံကစားသမား စီရိုနယ်လ်ဒိုသည် လက်ရှိကစားလျက်ရှိသော ဘာနေဗျူးနှင့် စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုရန် ဆန္ဒရှိနေကြောင်း သိရသည်။

ပေါ်တူဂီစူပါစတား စီရိုနယ်လ်ဒိုသည် ၂၀၀၉ ခုနှစ်က မန်ယူအသင်းမှ ရီးယဲလ်မက်ဒရစ်အသင်းသို့ ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင်သန်း ၈၀ ဖြင့် ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းနှင့် လမ်းခွဲခဲ့ပါက ၎င်း၏ ဘောလုံးသမားဘဝ တောက်ပလာခဲ့သည့် အင်္ဂလန်ကလပ်အသင်း ဖြစ်သည့် မန်ယူအသင်းသို့ ပြန်လည် ခြေချမည်ဟုဆိုသည့် သတင်းများထွက်ပေါ်ခဲ့သည်။

စီရိုနယ်လ်ဒိုသည် ၂၀၁၃-၂၀၁၄ ဘောလုံးရာသီတွင် လာလီဂါပြိုင်ပွဲ၌ ဂိုးပေါင်း ၃၁ ဂိုး သွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် ဥရောပရွှေဖိနပ်ဆုရှင်အဖြစ် လာလီဂါရပ်ဝန်းတွင် ကစားလျက်ရှိသည့် ကစားသမားများထဲမှ ရွေးထုတ်ခြင်းခံခဲ့ရသူဖြစ်သည်။

စီရိုနယ်လ်ဒိုသည် ၂၀၁၃-၂၀၁၄ ဘောလုံးရာသီ၏ ဥရောပရွှေဖိနပ်ဆုကို ပြီးခဲ့သည့် ဘောလုံးရာသီက လီဗာပူးအသင်းနှင့်အတူ ဂိုးပေါင်း ၃၁ ဂိုးသွင်းယူပေးနိုင်ခဲ့သည့် ဥရုဂွေးတိုက်စစ်မှူး လူးဝစ်ဆွာရတ်ဇ်နှင့်အတူ ရရှိခဲ့ခြင်းဖြစ်သည်။

စီရိုနယ်လ်ဒိုသည် လက်ရှိတွင် အသက်(၂၉)နှစ်ရှိခဲ့ပြီဖြစ်ပြီး အသက်(၃၃)နှစ်အရွယ်တွင် ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ ကစားသမားဘဝ အဆုံးသတ်ရန်ရှိနေကြောင်း သိရသည်။

ပေါ်တူဂီကြယ်ပွင့် စီရိုနယ်လ်ဒိုသည် တစ်နှစ်တာ၏ အကောင်းဆုံးကစားသမားဖြစ်လာမည့် ၂၀၁၄ ခုနှစ် ဖီဖာကမ္ဘာ့အကောင်းဆုံးဆုရွေးချယ်ခံခဲ့ရသည့် ကစားသမားအမည်စာရင်းတွင်လည်း ဖော်ပြခံခဲ့ရသူဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီတွင်လည်း ပြိုင်ပွဲအရပ်ရပ်၌ သွင်းဂိုး ၂၂ ဂိုးအထိသွင်းယူပေးထားနိုင်ခဲ့ပြီလည်းဖြစ်သည်။



စီရိုနယ်လ်ဒိုသည် ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ ပွဲပေါင်း ၁၇၄ ပွဲကစားပေးခဲ့ရာ၌ သွင်းဂိုး ၁၉၄ ဂိုးအထိသွင်းယူပေးနိုင်ခဲ့ပြီး လက်ရှိချန်ပီယံလိဂ်ချန်ပီယံ ရီးယဲလ်မက်ဒရစ်အသင်းအတွက် ချန်ပီယံလိဂ်ပွဲပေါင်း ၅၅ ပွဲတွင် စံချိန်တင်သွင်းဂိုး ၅၅ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သည့် တိုက်စစ်မှူးတစ်ဦးလည်းဖြစ်သည်။

ထို့ကြောင့် လက်ရှိဘောလုံးလောကတွင်လည်း ကမ္ဘာ့အကောင်းဆုံးကစားသမားတွေထဲမှ အကောင်းဆုံး ကစားသမားတစ်ဦးအဖြစ် ဆက်လက်ရပ်တည်နိုင်ရန် မျှော်လင့်နေသူဖြစ်သည်။

(ငွေကြယ်)



## မန်စီးတီးနောက်ခံလူ ကိုလာရော့ဗ် ဒဏ်ရာကြောင့် လေးပတ်ခန့် အနားယူရဖွယ်ရှိ

အင်္ဂလန်ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်း၏ ဆားဘီးယားဘယ်နောက်ခံလူအလက်ဇန္ဒားကိုလာရော့ဗ်သည် မန်ယူအသင်းနှင့်ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင်ရရှိခဲ့သည့် ဒဏ်ရာကြောင့် ရက်သတ္တပတ်လေးပတ်ခန့်ကြာအနားယူရဖွယ်ရှိနေကြောင်းသိရသည်။

ကိုလာရော့ဗ်မှာအသင်းနှင့်သွေးပူလေ့ကျင့်ခန်းဆင်းနေစဉ် အသင်းဖော်ကစားသမားတစ်ဦးဖြစ်သည့်နာဆရီနှင့် ထိခိုက်မိကာ ခြေသလုံးကြွက်သားဒဏ်ရာပြင်းထန်စွာရရှိခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ၎င်းမှာပြီးခဲ့သည့် CSKA မော်စကိုအသင်းအားရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် မပါဝင်နိုင်ခဲ့ခြင်းဖြစ်ပြီး အသင်း၏ အရေးကြီးပွဲစဉ်အချို့ကိုလည်း ဆက်လက်လွဲချော်မည်ဖြစ်ကြောင်းသိရသည်။ မန်စီးတီးဆေးအဖွဲ့၏ ထုတ်ပြန်ချက်အရ ကိုလာရော့ဗ်မှာ ကြွက်သားဒဏ်ရာပြင်းထန်စွာရရှိခဲ့ခြင်းဖြစ်ပြီး အနည်းဆုံးတစ်လခန့်အနားယူရဖွယ်ရှိနေကြောင်း ဗြိတိန်သတင်းစာ Daily Mail က ဖော်ပြခဲ့သည်။

၎င်းဒဏ်ရာရရှိခဲ့ခြင်းနှင့်ပတ်သတ်၍ ပယ်လီဂရီနီက "ကျွန်တော်တို့ ကစားသမားကောင်းတစ်ဦးကို ကာလအနည်းငယ်လက်လွှတ်ရပါတော့မယ်။ အနည်းဆုံးသုံးလေးပတ်လောက်အထိ သူနားရမယ်လို့ထင်ပါတယ်။ ဒါပေမယ့် သူ့ရဲ့နေရာမှာ ကလစ်ချီအကောင်းဆုံးအစားထိုး ကစားသွားနိုင်မှာပါ၊ ဒါဟာ အသင်းအတွက်ကြီးမားတဲ့ထိုးနှက်ချက်တစ်ခုဖြစ်ပေမယ့် ကျွန်တော့် အနေနဲ့ စိုးရိမ်ပူပန်နေမှာမဟုတ်ပါဘူး"ဟု ပြောကြားခဲ့သည်။ အသက် ၂၈ နှစ်အရွယ်ရှိ ဆားဘီးယားလက်ရွေးစင်နောက်ခံလူ ကိုလာရော့ဗ်မှာ ၂၀၁၀ ခုနှစ်က လာဇီယိုအသင်းမှမန်စီးတီးအသင်းသို့ပြောင်းရွှေ့ရောက်ရှိလာခဲ့သူဖြစ်ပြီး အသင်းအတွက် ၉၂ ပွဲပါဝင်ကစားကာ ၅ ဂိုးအထိသွင်းယူပေးခဲ့သူဖြစ်ကြောင်းသိရသည်။

ကိုရဲ


## စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာပြီးစီးခြင်း

နေပြည်တော်နေ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး သရေစည်သူ ဦးမြတ်ဟိန်း-ဒေါ်ထွေးထွေးညွန့်တို့၏သားတပည့်
မော်လမြိုင်မြို့နေ (ဦးမြင့်သိန်း)တရားလွှတ်တော်ရှေ့နေ-ဒေါ်အေးမြ(တရားလွှတ်တော်ရှေ့နေ)
တို့၏သားကြီး

**မောင်ကျော်ကိုကို**

**B.Sc(Electronics), D.S.A**

လက်ထောက်အင်ဂျင်နီယာ
သတင်းအချက်အလက်နှင့်နည်းပညာဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
နှင့်
ရန်ကုန်မြို့နေ[ဦးမောင်မောင်(ခ)ဦးတင်ထွဋ်] TCK Furniture Co.,Ltd(Bangkok)-ဒေါ်ခင်တီတီ
(အောင်ဘုန်းမြတ်သက်န်းတိုက်)တို့၏သမီးငယ်

**မသဲသဲဇလပ်ဖြူမောင်**

**LL.M(University of East Yangon)**
**Director of Teak Travels and Tours**

တို့သည် ၁-၁၁-၂၀၁၄ ရက်(စနေနေ့)တွင် Sedona Hotel (Grand Ballroom)၌ နှစ်ဖက်သော ဆွေမျိုးများနှင့်ဂုဏ်သရေရှိလူကြီးမင်းများ၏ရှေ့မှောက်တွင် မြန်မာ့ဓလေ့ ထုံးတမ်းအစဉ်အလာနှင့်အညီ စုလျားရစ်ပတ်ဘိသိက်သွန်းလောင်းထိမ်းမြားပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ကျော်ကိုကို-မသဲသဲဇလပ်ဖြူမောင်**




**သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

## မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

နေပြည်တော်နေ
ဗိုလ်ချုပ်ဇာနည်ဝင်း[ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)]-ပါမောက္ခဒေါက်တာအေးအေးထွန်း
တို့၏ တစ်ဦးတည်းသောသား

**ဗိုလ်ကြီးနေလင်းထွန်း**

**B.E.(Mechanical) D.S.T.A.**

တပ်မတော်(ရေ)
နှင့်
ရန်ကုန်တိုင်းဒေသကြီးနေ
ဒေါက်တာသောင်းညွန့်ရွှေ-ဒေါ်သန်းသန်းမူ တို့၏ သမီးတူမ
ဦးတင်ထွတ် @ Vincent Guha(Supervisor, South Land Coporation, U.S.A-Retd.) - ဒေါ်မာလာအောင်
တို့၏ တစ်ဦးတည်းသောသမီး

**မသဲမာတင်ထွတ် @ Annmarie Guha**

**B.Com.Arts (Adv.) Assumption University, Thailand**
**Diploma in Tourism & Hospitality Management,**
**Nanyang Institute of Management, Singapore.**
**Managing Director, Spring Serenade Co.,Ltd.**

၄-၁၁-၂၀၁၄ ရက်တွင် နေပြည်တော်နေအိမ်၌ ကျင်းပပြုလုပ်ခဲ့သည့် မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပွဲ၌ လက်ထပ်ထိမ်းမြားပေးပါသော ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးပါသော ဗိုလ်ချုပ်တင်အောင်ဆန်း [တပ်မတော်(ရေ)]၊ ဒေါက်တာသောင်းညွန့်ရွှေတို့အားလည်းကောင်း၊ ၇-၁၁-၂၀၁၄ ရက်တွင် Sedona Hotel (Grand Ballroom) ၌ ကျင်းပပြုလုပ်ခဲ့သည့် မင်္ဂလာဧည့်ခံပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးသူရသက်ဆွေနှင့် ဇနီး ဒေါက်တာဒေါ်ဝေမာမာထွန်း၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ထွန်းထွန်းနောင်နှင့် ဇနီး ဒေါ်ခင်ခင်မင်း တို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ တပ်မတော်မှ အရာရှိကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာပွဲသို့မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ အခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေး သီဆိုပေးပါသော တေးသံရှင်ဟေမာနေဝင်း၊ မင်္ဂလာတေးသံသာများဖြင့် တီးခတ်ဖျော်ဖြေပေးပါသော Plus 3 Band အဖွဲ့နှင့် ဦးကျော်ဝင်း (Mandalay FM)တို့အားလည်းကောင်း၊ မင်္ဂလာပန်းများကြဲဖြန့်ပေးပါသော မခိုင်ချိုထွန်း၊ မင်္ဂလာအောင်စံပယ်ပန်းကလပ်ကိုင်ဆောင်ပေးပါသော ဒေါက်တာခင်ခင်ယုမော်၊ မင်္ဂလာလက်ထပ်လက်စွပ်ကလပ်ကိုင်ဆောင်ပေးပါသော မနေခြည်ထူးနိုင်၊ မင်္ဂလာသတို့သားအရံနှင့်သတို့သမီးအရံအဖြစ် ကူညီဆောင်ရွက်ပေးပါသော ဗိုလ်ကြီးတင်ထွန်းလွင်နှင့် ဗိုလ်ကောင်းမျိုးထက်၊ မဝင်းအိခိုင်နှင့် ဒေါက်တာချစ်စုတင်တို့အားလည်းကောင်း၊ မင်္ဂလာလက်ဝတ်ရတနာများကို မေတ္တာဖြင့်ဆင်မြန်းပေးပါသော မနောမယလက်ဝတ်ရတနာမိသားစုနှင့် မင်္ဂလာဝတ်စုံများကို မေတ္တာဖြင့် ကူညီပေးပါသော သိင်္ဂီကျော်ပိုးထည်တိုက်၊ မင်္ဂလာဝတ်စုံများအားဖန်တီးပေးပါသော Silk & Style Fashion House၊ မင်္ဂလာပန်းအလှပြင်ဆင်ပေးပါသော မာမီကျော်(မလေးရှား)၊ မိတ်ကပ်ဆံပင်ပြင်ဆင်ပေးပါသော ဇေဇေ(ခင်စန်းဝင်း)နှင့်အဖွဲ့၊ Pre-wedding Photo များကို မေတ္တာဖြင့်ကူညီရိုက်ကူးပေးပါသော ကိုဝင်းဖြိုးရာဇတ်၊ ကိုသူတော်လွင်နှင့် 7 Picture Studio တို့အားလည်းကောင်း၊ မင်္ဂလာဓာတ်ပုံနှင့် Video မှတ်တမ်းတင်ပေးပါသော 7 Picture Studio၊ Sedona Hotel မှ မန်နေဂျာမလီလီနှင့် ဝန်ထမ်းများ၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက် မှ ဝိုင်းဝန်းကူညီပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သောပုဂ္ဂိုလ်များအား လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးနေလင်းထွန်း-မသဲမာတင်ထွတ်**




- Samsung GALAXY V ဝယ်ယူသူတိုင်း ကံစမ်းမဲကူပွန်တစ်စောင် ရရှိနိုင်ပြီး ဘူးခွံအတွင်းပါဝင်သည့် Barcode Sticker အား ကံစမ်းမဲကူပွန်တွင် ကပ်၍ အချက်အလက်များ ပြည့်စုံမှန်ကန်စွာ ဖြည့်သွင်းကံစမ်းနိုင်ပါသည်။
- ဖုန်းဝယ်ယူသည်နှင့် တစ်ပြိုင်နက် Ooredoo ဖုန်း အချင်းချင်းခေါ်ဆိုရန်နှင့် SMS ပေးပို့ရန်အတွက် Top Up ကျပ် ၆၀၀၀၀ ဖိုး အခမဲ့ရရှိပါမည်။
- ဖုန်းဝယ်ယူပြီး ဒုတိယလတွင် ၃၀၀၀ ကျပ်ဖိုး Top Up လုပ်သည်နှင့် (၁) လလျှင် ၆၀၀၀ ကျပ်တန် အခမဲ့ Top Up (၁၀) လ ရရှိပါမည်။ ပထမဆုံးဖုန်းစခေါ်သည်နှင့် အခမဲ့ Top Up စတင် အသုံးပြုနိုင်ပါသည်။

* Top Up Promotion အတွက် ooredoo မှ သတ်မှတ်ထားသော စည်းကမ်းများအတိုင်းသာ

* Luckydraw Promotion အတွက် သတ်မှတ်ထားသော စည်းကမ်းများအတိုင်းသာ

အသေးစိတ်အချက်အလက်များကို **Samsung Customer Contact Center** 01-2399 888, www.facebook.com/samsungmyanmar သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

# ဗုဒ္ဓဦးခေါင်းတော်နှင့် အဂ္ဂသာဝကဦးခေါင်းတော်ပြကွက်ကို ပုဂံရှေးဟောင်းယဉ်ကျေးမှု အမျိုးသားပြတိုက်တွင် တွေ့နိုင်

**ပုဂံ၊ နိုဝင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံမြို့တွင် ရှေးဟောင်းယဉ်ကျေးမှု အမျိုးသားပြတိုက်သည် ညောင်ဦးမှ မြင်းကမ္ဘာသွား ကားလမ်း၏ လက်ယာဘက်၌ တည်ရှိပါသည်။

အဆိုပါ ရှေးဟောင်းယဉ်ကျေးမှု အမျိုးသားပြတိုက်တွင် ဗုဒ္ဓဦးခေါင်းတော်နှင့် အဂ္ဂသာဝကဦးခေါင်းတော် ပြကွက်နှစ်ခုကို ယှဉ်တွဲ၍ ပထဦးဆုံးမြင်တွေ့ရသည်။

ဗုဒ္ဓဦးခေါင်းတော်ကို ပုဂံမြို့ဟောင်း တောင်ဘက် မီးငြိမ်းကုန်းဂူဘုရား ၁၉၄၄/၈၁၂ မှ တွေ့ရှိခဲ့သည်။

အဆိုပါ ဦးခေါင်းတော်မြတ်သည် ၁၁ ရာစုလက်ရာဖြစ်သည်။ သဲကျောက်ဖြင့် ပြုလုပ်ထားသည်။ မီးငြိမ်းကုန်းဂူဘုရားကြီး၏ အရှေ့ဘက် အတွင်းဆောင် ဗုဒ္ဓရုပ်ပွားတော်ကြီးရှိရာ ဂန္ဓကုဋီတိုက်မှဖြစ်သည်။

ဗုဒ္ဓဦးခေါင်းတော်အဂ္ဂသာဝကဦးခေါင်းတော်တို့ကို ကိုယ်တစ်ပိုင်းဖြစ်စေ၊ လည်ပင်းအထိဖြစ်စေ သဲကျောက်ဖြင့် ထုလုပ်ထားသည်။ ခန္ဓာကိုယ်အောက်ပိုင်းကို အုတ်အင်္ဂတေနှင့်ထုလုပ်ခဲ့ကြသည်။ ဦးခေါင်းတော်တွင် ဆံတော်နှင့် ကေတုမာလာမဏိ မပါရှိသော်လည်း မျက်နှာတော်မှာ အေဒီ ၁၁ ရာစုလက်ရာဖြစ်သည်။ ဦးခေါင်းတော် အရွယ်အစားမှာ အမြင့် ၅၆ စင်တီမီတာ ရှိသည်။ ဦးခေါင်းတော်နောက်ပိုင်းမှာ ကျောက်သားထု အနည်းငယ်ချန်၍ နောက်မှီနံရံတွင်မြှုပ်ထားသည်။ ထိုသို့ မြှုပ်ထားပြီး အလေးချိန်စီးမှုဝန်ကို လျှော့သည့်အနေဖြင့် ထုလုပ်ခဲ့ကြသည်။



အဂ္ဂသာဝက ဦးခေါင်းတော်မြတ်ကိုလည်း ဓမ္မရံကြီးဘုရား တောင်ဘက်ရှိ ဘုရားအမှတ် (၇၆၁-၃၆၄၅)မှတွေ့ ရှိခြင်းဖြစ်သည်။

အေဒီ ၁၁ ရာစု သဲကျောက် ကျောက်ဆစ်လက်ရာဖြစ်သည်။ အရွယ်အစားအမြင့် ၆၁ စင်တီမီတာရှိသည်။ အဆိုပါအဂ္ဂသာဝက ဦးခေါင်းတော်မြတ်သည်လည်း ဗုဒ္ဓဦးခေါင်းတော်ကဲ့သို့ ကိုယ်တစ်ပိုင်း ကျောက်ဆစ်လက်ရာဖြစ်သည်။ အဆိုပါ ဗုဒ္ဓဦးခေါင်းတော်မြတ်နှင့် အဂ္ဂသာဝကဦးခေါင်းတော်မြတ်နှစ်ခုကို ပုဂံရှေးဟောင်းယဉ်ကျေးမှု အမျိုးသားပြတိုက်တွင် ရှေးဟောင်းရုပ်ပွားတော်အဖြစ် ထည့်သွင်းပြသထားသည်ကို ယခုတိုင် တွေ့ရှိနိုင်သည်။ **ကျော်ဌေး**

# ပဲခူးမြို့ရွှေမော်ဓောစေတီတော်မြတ်ကြီးတွင် (၃၃) ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲနှင့် မသိုးသင်္ကန်း ဆက်ကပ်

**ပဲခူး၊ နိုဝင်ဘာ ၇**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ရင်ပြင်တော် ကျောက်ပန်းတောင်းဓမ္မာရုံ၌ နိုဝင်ဘာ ၅ ရက် ည ၇ နာရီက (၃၃) ကြိမ်မြောက် မသိုးသင်္ကန်းရက်ပြိုင်ပွဲနှင့် ဖွင့်ပွဲအခမ်းအနား ကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးညဏ်ဝင်းနှင့် ဇနီးဒေါ်မြင့်မြင့်စိုး၊ အစိုးရအဖွဲ့ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ဥပဒေချုပ်၊ တရားစစ်ချုပ်နှင့် တိုင်း၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ ဘာသာရေး အသင်းအဖွဲ့များ၊ ရက်ကန်းပညာရှင်များ၊ ဒိုင်အဖွဲ့များနှင့် ပြိုင်ပွဲဝင်များ တက်ရောက်ကြသည်။ **တင်စိုး**

## aqmif;Dyuf;foDS. pmrsufS6rS

**၁၂။ ပြည်ပန်းညိုရွက်ဟင်းချို**

ရှေးမြန်မာလူကြီးများသည် အသံဝင်လျှင် ပြည်ပန်းညိုရွက်ကို ဟင်းချိုချက်သောက်ကြသည်။ ဆောင်းဦးပေါက်တွင် အမှတ်မထင် ရေချိုးမှားရာမှ အသံဝင်၊ ချောင်းဆိုး၊ လည်ချောင်းနာ၊ အပူငုပ်ရောဂါဖြစ်လေ့ရှိသည်။ တစ်ခါတစ်ရံ အာသီးရောင်သည်အထိ ဖြစ်လေ့ရှိသည်။ ထိုရောဂါများအတွက် ပြည်ပန်းညိုရွက်သည် အစွမ်းထက်သော တိုင်းရင်းဆေးပင်ဖြစ်သည်။

အသံဝင်ခြင်းအတွက် ပြည်ပန်းညိုရွက်ကို အစိမ်းအတိုင်း ထောင်းပြီး အရည်ညှစ်ယူကာ ဆားအနည်းငယ်ရောစွက်၍သောက်ခြင်းဖြင့် ပျောက်ကင်းနိုင်သလို ဟင်းချိုချက်သောက်ခြင်းဖြင့်လည်း ပျောက်ကင်းနိုင်ပါသည်။ "ပြည်ပန်းညိုချိုပါလျက် ဆားကဖျက်သည်" ဟု ရှေးကစာဆိုရှိသကဲ့သို့ ဟင်းချိုချက်ရာတွင် ဆားမထည့်ဘဲ ငါးပိအနည်းငယ်နှင့် ပုစွန်ခြောက်အနည်းငယ်ထည့်ကာ ချိုအောင်ချက်နိုင်သည်။ ပြည်ပန်းညိုရွက်သည် အစိမ်းရောင်နှင့်အညိုရောင်ရောသော အရွက်မျိုးဖြစ်ပြီး အရသာမှာ ခါးသက်သက်ရှိသလိုနှင့် ချို၍သောက်ကောင်းသောအရသာမျိုးဖြစ်သည်။ မိသားစုထမင်းဝိုင်းတွင် ဟင်းချိုတစ်ပွဲအဖြစ် ဖြည့်စွက်နိုင်၍ ဆောင်းဦးပေါက်နှင့်သင့်တော်သော ဓာတ်စာတစ်မျိုးဖြစ်ပါသည်။

**၁၃။ ဒန့်သလွန်ရွက်ဟင်းချို**

ဆောင်းမှာ ရေချိုးမှားတဲ့အခါ၊ အအေးပတ်ပြီး သွေးတိုးတဲ့အခါ အငန်အစားများပြီး ခေါင်းမူးတဲ့အခါ၊ ကောက်ညှင်းဆန်စေး၊ ခေါ်ပုတ်စသော ကြေခဲသောအစာများစားပြီး အစာမကြေရင်တောင့်ဖြစ်သောအခါ၊ အကြောင်းအမျိုးမျိုးကြောင့် စိတ်ရှုပ်ထွေးပြီး သွေးတိုးသည်ဟု ထင်သောအခါ ဒန့်သလွန်ရွက်ဟင်းချိုသောက်ပါ။ ကြက်သွန်ဖြူများများထည့်ချက်ပါ။ ငါးပိနဲ့ပုစွန်ခြောက်အချို သင့်ရုံထည့်နိုင်ပါသည်။ ဒန့်သလွန်ရွက်သည် သွေးတိုးကို ကောင်းစွာကာကွယ်နိုင်ပါသည်။

ခေါင်းကြီးကိုက်ရောဂါတွင် ဒန့်သလွန်ရွက်ကို ဆားအနည်းငယ်နှင့်ထောင်းပြီး သန့်စင်အောင် ပိတ်စဖြင့် စစ်ယူပြီး မျက်စဉ်းခပ်ပေးလျှင် သက်သာစေပါသည်။ ဟင်းချိုချက်လျှင် အစိမ်းရောင်မပျက်အောင်ချက်ပါ။ ဒန့်သလွန်ရွက်ဟင်းချိုကို အခြားမည်သည့် အရွက်နှင့်မျှရော၍ မချက်ပါနှင့်။

**၁၄။ မဲဇလီရွက်ဟင်းချို**

ဆောင်းဦးရာသီဝင်စ တန်ဆောင်မုန်းလတွင် မဲဇလီပင်များဖူးကြပွင့်ကြသည်။ မဲဇလီဖူးကို သုပ်စားကြသကဲ့သို့ မယ်ဇလီရွက်နုကလေးများကိုလည်း ဟင်းချိုချက်၍ သောက်နိုင်သည်။ အချို့က မဲဇလီရွက်နုကို ကုလားပဲ၊ ပဲရာဇာ စသည်တို့ဖြင့်ရော၍လည်း ဟင်းချိုချက်သောက်ကြသည်။ မဲဇလီရွက်နှင့် အဖူးသည် ခါးသက်သောအရသာရှိပြီး ဆေးဖက်ဝင်သည်။ ကိုယ်တွင်းရှိ အပူ၊ အပုပ်များကိုနိုင်သည်။ အူရောင်သောရောဂါကိုလည်း သက်သာစေသည်။ အစာကြေလေသက်စေသော ဓာတ်စာမျိုးဖြစ်သည်။ မဲဇလီဖူးသည် တန်ဆောင်မုန်းလပြည့်ညတွင် ဆေးပေါင်းခသည်ဟု ရှေးမြန်မာရိုးရာအယူ ရှိသည်။

MEC
MARS EDUCATION CONSULTANCY
အမှတ် (၁၆)၊ ၁-ဘီ၊ မြေနုလမ်း၊ (မဟာမြိုင်ဆေးရုံ အနီး)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
Ph: 09-250 39 30 30, 09-2560 33 565, 09-5054185
FREE
Application Fee
Consultation
Visa Process
MBBS
တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် Eng, Bio, Chem တစ်ဘာသာလျှင် အနည်းဆုံး (၆၅) မှတ်ရရှိထားသူများအတွက် WHO အပါအဝင် နိုင်ငံတကာရှိ ဆေးပညာအဖွဲ့အစည်းများမှ အသိအမှတ်ပြုဆရာဝန်ဘွဲ့!!
(တရုတ်ပြည်ရှိ နှစ်ပေါင်းကြာမြင့်စွာ နာမည်ကျော်ကြားပြီး ထိပ်တန်းစာရင်းဝင်သော အစိုးရတက္ကသိုလ်များဖြစ်၍ ကျောင်းလခ ကုန်ကျစရိတ် (လွန်စွာ) သက်သာပါသည်။)
Commercial Pilot License Program
အသက် (၁၇)နှစ် ပြည့်ပြီး တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ(သို့) IGCSE / GCE "O" Level ရရှိထားသူများ တက်ရောက်နိုင်ပါသည်။
တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် English, Physics, Maths တစ်ဘာသာလျှင်အနည်းဆုံး (၆၅)မှတ် ရရှိထားသူများအတွက် အလုပ်အကိုင်အခွင့်အလမ်း သေချာသော Civil Engineering & Architecture ဘွဲ့များ ............
"Apply Now" To RESERVE A PLACE FOR "2015" INTAKE

မြေညီထပ်တိုက်ခန်းရောင်းရန်
ကမ္ဘာအေး၊ ရေစက်(စက်ဝ)လမ်း
မရမ်းကုန်းမြို့နယ်၊ လမ်းသန့်
၁၂ပေခွဲ × ၅၄ပေ (အမြင့်၈ပေခွဲ)
ဆိတ်ငြိမ်ရပ်ကွက်၊ ခေါင်းရင်းထောင့်ခန်း
2 BR (ပျဉ်းကတိုးအခန်းဖွဲ့၊ လျှာထိုးခင်းပြီး)
ကျန် RC ခင်း၊ အသင့်နေ၊ GF၊ 1 AC
ဘုရား၊ ကျောင်း၊ ဈေး၊ မှတ်တိုင် နီး၊ ရေမီးစုံ
850 သိန်း (ညှိနှိုင်းဈေး)
အကျိုးဆောင်နိုင်သည် (2%)
Ph: 09 550 6100

ဖောင်းကြွပျောက်
 လျှောက်ထားခြင်း
ယာဉ်အမှတ်- ၅ဃ/၆၂၃၄ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)

# ပြန်/ဆက်ရုံးတွင် Public Digital Library Service စက်တပ်ဆင်

**ချောင်းဦး၊ နိုဝင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့၌ Public Digital Library Service စက်တပ်ဆင်ပြီး အသုံးပြုနည်းရှင်းလင်းပွဲကို ချောင်းဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ နိုဝင်ဘာ ၅ ရက် နံနက် ၁၁ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားသို့ ချောင်းဦးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောလှထွန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးလှသိန်း၊ မြို့နယ်အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးကံငွေ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုဝင်းနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စာဖတ်ပရိသတ်များ၊ Public Digital Library Service စက် အသုံးပြုနည်းကို စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြသည်။

Public Digital Library Service စက်တပ်ဆင်ပြီး အသုံးပြုနည်းရှင်းလင်းပွဲအခမ်းအနားတွင် ချောင်းဦးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစာလှထွန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဦးလှသိန်း တို့က အမှာစကားပြောကြားပြီး ချောင်းဦးမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုဝင်းက "Public Digital Library Service စက်ကို ချောင်းဦးမြို့နယ်ရုံး ပြည်သူ့စာကြည့်တိုက်မှာ နိုဝင်ဘာ ၃ ရက်က စတင်တပ်ဆင်ထားခဲ့ပါတယ်။ MBAPF က လှူဒါန်းထားတဲ့ Tablet နဲ့ Public Digital Library Service စက် အသုံးပြုနည်းကို ရှင်းလင်းဆွေးနွေးခဲ့ပါတယ်" ဟု ပြောသည်။

အဆိုပါစက်တွင် နာမည်ကြီးစာရေးဆရာများ၏ စာအုပ်များ၊ နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းများ၊ ဥပဒေများ၊ စသည့်စာအုပ်ပေါင်း ၆၀၀၀ ကျော် ပါဝင်ပြီး ဖမ်းယူရရှိနိုင်သော အကွာအဝေးမှာ အတားအဆီးမရှိပါက မီတာ ၆၅၀ အတွင်း ဖမ်းယူဖတ်ရှုနိုင်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ဈေးတွင်ဈေးမှတစ်ဆင့် မီးလောင်မှုမဖြစ်ပွားစေရန် ဈေးအတွင်းအပြင် လျှပ်စစ်မီးသုံးစွဲလျက်ရှိသော ဈေးဆိုင်ခန်းများနှင့် ယာဉ်ပြင်အလုပ်ရုံတွင် သုံးစွဲလျက်ရှိသော လျှပ်စစ်မီးကြိုးများ ကြံ့ခိုင်မှုရှိ-မရှိ၊ မီးသတ်ဆေးဘူးထားရှိမှုရှိ-မရှိတို့ကို ဈေးတာဝန်ခံ ဦးမျိုးနိုင်၊ ဈေးဝန်ထမ်းများ၊ ဈေးမိဈေးဖများ၊ အမှတ် (၇) မီးသတ်စခန်းတာဝန်ခံ ဦးမင်းသူနှင့် ဝန်ထမ်းများက အောက်တိုဘာ ၃၀ ရက် နံနက် ၁၀ နာရီတွင် စစ်ဆေးခဲ့ကြသည်။**

သတင်းနှင့် ဓာတ်ပုံ - ကိုကိုရူပ

## စာပေဟောပြောပွဲများကျင်းပ

**ရွှေဘို၊ နိုဝင်ဘာ ၇**

ရွှေဘိုမြို့၏ နှစ် ၁၀၀ ပြည့် စုပေါင်းဘုံကထိန်ပွဲတော် အထိမ်းအမှတ်အဖြစ် ဒါရိုက်တာ အကယ်ဒမီကြည်စိုးထွန်း စာကြည့်တိုက် အစီအစဉ်မှ စာပေဟောပြောပွဲများကို ကျင်းပရာနိုဝင်ဘာ ၃ ရက်၊ မွန်းလွဲ ၁ နာရီကအောင်ချမ်းသာရွာသစ်၊ ည ၇ နာရီတွင် ထနောင်းဝင်းကျေးရွာ၊ နိုဝင်ဘာ ၄ ရက်နံနက် ၉ နာရီက T.W.S ဦးတင်ဝင်း ကိုယ်ပိုင်အထက်တန်းကျောင်း၊ ညနေ ၆ နာရီတွင် ဇီးကုန်းလေးကျေးရွာ၊ နိုဝင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီတွင် ပန်းတောင်းကျေးရွာကြည်စိုးထွန်း စာကြည့်တိုက်တို့၌ ကျင်းပသည်။

အဆိုပါအစီအစဉ်အရ ဒါရိုက်တာ အကယ်ဒမီကြည်စိုးထွန်းက "ဘဝတန်ဖိုး" ခေါင်းစဉ်၊ စာပေပညာရှင်များဖြစ်ကြသည့် ဒေါက်တာထွန်းလွင် (မိုး၊ ဇလဗေဒ) က "ပျောက်ဆုံးနေသောရတနာ" ခေါင်းစဉ်၊ ဦးကိုကိုထွေး (လူမှုထူးချွန်ပထမဆင့်)၊ တော်ဝင်မိသားစု ကုမ္ပဏီလီမိတက်က "တိုးတက်အောင်မြင်ရေးနည်းလမ်းများ" ခေါင်းစဉ်၊ ဒေါက်တာထွန်းဝင်း (စိုက်ပျိုးရေး) က "အနာဂတ်အတွက် သေချာရေရာသော စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းတည်ဆောက်ရေး" ခေါင်းစဉ်တို့ဖြင့် အသီးသီး ဟောပြောခဲ့ကြသည်။ **(၅၇၂)**

## အလုပ်ရမည်ဟုပြောဆိုစည်းရုံးကာ လုပ်အားခငွေများကို ခေါင်းပုံဖြတ်သုံးစွဲသူများ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မဖြင့် ဓနုဖြူမြို့၌အရေးယူထား

**နေပြည်တော်၊ နိုဝင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့မရဲစခန်းသို့နိုဝင်ဘာလ ၃ ရက် မွန်းလွဲ ၁ နာရီ ၂၅ မိနစ်က အမှတ်(၇) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုမှတပ်ဖွဲ့ဝင်များ ရောက်ရှိလာပြီး ၂၀၁၄ ခုနှစ် ဩဂုတ်လအတွင်းက ဓနုဖြူမြို့နယ်၊ ကုန်းတန်းတောင်ကျေးရွာနေ ဦးသန်းဆင့်(ခ)ငပု အသက် ၃၇ နှစ်ပါ အမျိုးသား ၃၅ ဦးအား တစ်ရွာတည်းနေ ကျော်မိုးလွင် အသက် ၃၇ နှစ်နှင့် ဖျာပုံမြို့နယ်၊ အမာမြို့နယ်ခွဲ၊ ချောင်းဝကျေးရွာနေ တင်ယုအသက် ၃၆ နှစ်တို့ နှစ်ဦးမှ ချောင်းဝကျေးရွာရှိ ရေလုပ်ငန်းအလုပ်ရုံများတွင် တစ်လစရိတ်ငြိမ်း ၅၀,၀၀၀ ကျပ်ဖြင့် ပင်လယ်ကျားဖောင်တွင် အလုပ်ရမည်ဟု ပြောဆိုစည်းရုံးကာ တစ်ဦးလျှင် ကြိုတင်ငွေကျပ် ၅၀,၀၀၀ စီပေး၍ ခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်။

လုပ်ငန်းခွင်ရာသီကုန်ဆုံးသည်အထိ ရှစ်လခန့် အလုပ်လုပ်ကိုင်ခဲ့ပြီး လုပ်ငန်းရှင်ထံငွေရှင်းသည့်အခါ ကျော်မိုးလွင်နှင့် တင်ယုတို့က အလုပ်သမားများ၏ ခွင့်ပြုချက်မရှိဘဲ လုပ်ငန်းရှင်ထံမှ အလုပ်သမားတစ်ဦးလျှင် ငွေကျပ် ၂၅၀,၀၀၀ နှုန်းဖြင့် လုပ်အားခငွေများအား ခေါင်းပုံဖြတ်သုံးစွဲထားကြောင်း ဦးသန်းဆင့်(ခ)ငပု၏ ဇနီးဖြစ်သူ ဒေါ်အေးဝင်း၏ တိုင်တန်းချက်အရ သွားရောက်စုံစမ်းခဲ့ရာ မှန်ကန်ကြောင်းတွေ့ရှိရသဖြင့် အရေးယူပေးရန်တိုင်တန်းခဲ့ရာ ကျော်မိုးလွင်နှင့် တင်ယုတို့ နှစ်ဦးအား ဓနုဖြူမြို့မရဲစခန်း (ပ)၁၀၅/၂၀၁၄၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၅ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ **ရဲပြန်ကြား**

## ခရမ်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသည့်(၂၄)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲ ကျင်းပ

**ခရမ်း၊ နိုဝင်ဘာ ၇**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် (၂၄) ကြိမ်မြောက် မြို့နယ်စုပေါင်းမဟာဘုံကထိန်ပွဲကို နိုဝင်ဘာ ၄ ရက် နံနက် ၇ နာရီတွင် ခရမ်းမြို့ သကျမာရဇိန်သွန်းဘုရားကြီးတန်ဆောင်း၌ ကျင်းပခဲ့သည်။

ယင်းနေ့နံနက်ပိုင်းတွင် သကျမာရဇိန်သွန်းဘုရားကြီး အာရုံခံတန်ဆောင်းမှ ပဒေသာပင် ၃၃ ပင်အား ခရမ်းမြို့တွင်းသို့ လှည့်လည်ခဲ့ရာ ဌာနဆိုင်ရာဝန်ထမ်းများ၊ အသင်းအဖွဲ့များ၊ မြို့ပေါ်ရပ်ကွက်များမှ လုပ်သားပြည်သူများက အိုးစည်ဒိုးပတ်ဝိုင်းများ အသံချဲ့စက်များဖြင့် လှည့်လည်ခဲ့ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ကော်မတီ ၃ ရပ်မှ ကော်မတီဝင်များ၊ မြို့နယ်မိသားစု စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်လေးလေးနိုင်နှင့်ကော်မတီဝင်များ၊ အသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများမှ မြို့ပေါ် ၂၇ ကျောင်းမှ ပင့်သံဃာ ၂၇ ပါးတို့အား နေ့ဆွမ်းများဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ယင်းလှူဒါန်းမှု စုပေါင်းပစ္စည်းတန်ဖိုးမှာ ကျပ် ၅၈၆၂၅၂၀၊ ငွေသားကျပ် ၇၅ သိန်းကျော် စုစုပေါင်း ၁၃၄၂၄၂၂၀ ကျပ်တန်ဖိုးရှိ ပဒေသာပင် ၃၃ ပင်အား မဲဖောက်၍ လှူဒါန်းခဲ့ကြောင်းသိရသည်။ **ကိုမင်း(ခရမ်း)**

**SHWE LOLAR TRADING CO.,LTD**

အောက်ဖော်ပြပါပစ္စည်းကို ကျွန်တော်တို့ကုမ္ပဏီမှ ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးနေပါသည်။

- ရွှေဗဟိုရ်ဆန်ဖြူဖွတ်ဘရိတ်တုံး
- ပုံနှိပ်စက်မှာသုံးသော မင်လုံးရိုလာ
- မုန့်စက်ရုံသုံး ရော်ဘာရိုလာ
- ပလတ်စတစ်စက်ရုံသုံး ဆီခံရော်ဘာ
- ရော်ဘာပေါင်းအိုးသုံး ဆီခံဝါရှာ

အခြားစက်ပစ္စည်းမှာသုံးသော ဆီခံဝါရှာအမျိုးမျိုးနှင့် စက်ပစ္စည်းအတွင်း၌သုံးသော ရော်ဘာပစ္စည်းအမျိုးမျိုးကို သင့်စိတ်တိုင်းကျ ပြုလုပ်ပေးပါသည်။

ဆက်သွယ်ရန်-

အမှတ်(၂၉၇၁)၊ စစ်တောင်းလမ်း၊ ၆၄ရပ်ကွက်၊ စက်မှုဇုန်(၂)၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၂၀၃၁၆၉၊ ၂၉၀၇၈၈၊ ၅၉၅၄၃၆၊ ၀၉-၅၁၆၅၉၅၀၊ ၀၉-၅၁၃၁၈၄၀

အားပေးသူများအား ကျေးဇူးအထူးတင်ရှိပါသည်။

**ကြော်ငြာစာ**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၄၃)၊ ဦးပိုင်(၃၀)၊ ၅၄×၅၅လမ်း၊ အေးမေတ္တာ×အေးသုခလမ်းကြားရှိ ဦးထွန်းလင်းအမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်စန်းစန်း[၉/မနတ(နိုင်)၀၄၆၂၃၄]မှ မြို့ကွက်သစ် မြေနေရာချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်/အမည်ပြောင်း အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ်(၁)တည်ဆောက်ရေးမှ ၂၀၁၄-၂၀၁၅ခု၊ ဘဏ္ဍာရေးနှစ်အတွင်း အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းတွင် ဆောင်ရွက် မည့် ရွာမကျေးရွာသစ်မှ ရေဆိုးကျေးရွာသို့ ချဉ်းကပ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း (၁၂)မိုင်အား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ တင်ဒါစတင်ရောင်းချမည့်ရက် - ၇-၁၁-၂၀၁၄ရက်
တင်ဒါအရောင်းပိတ်မည့်ရက် - ၂၀-၁၁-၂၀၁၄ရက် ၁၆း၃၀ နာရီ
Company Profile,Technical Proposal နှင့် Financial Proposal များလက်ခံမည့်ရက် - ၂၇-၁၁-၂၀၁၄ရက်၊ ၁၅း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၄၃၁၊ ဖက်စ်-၀၆၇-၄၁၀၄၃၁**

**ကြော်ငြာစာ**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အကွက်အမှတ်(၈၉၁)၊ ဦးပိုင်အမှတ်(၇-င)၊ ရန်-မန်းလမ်းအရှေ့ဘက်၊ ဝေသာလီ×မြို့ရိုးလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးထွန်းလင်း(ခ)ထိုက်မင်းထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ် (၁၉၉၂/၂၀၁၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်တင်သိန်း[၅/ခဉတ(နိုင်)၀၀၅၂၉၈]မှ ဂရန်မူရင်းမှာ အသိမ်းလွန်ပျောက်ဆုံးနေပါသဖြင့် ပျောက်ဆုံး ကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်မိတ္တူအမည်ပြောင်းအမှုတွဲဖွင့်လှစ် ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/ရွှေပေါက်ကံ)၊ မြေကွက်အမှတ်(၅၇၀)၊ မြေကွက်တည်နေရာ အမှတ်(၅၇၀)၊ ပုဂံလမ်း၊ (ဒေါ်ထွေး) [၁၂/ရကန(နိုင်)၀၁၀၀၇၁]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ထွေး (တရားရုံး)ကိုယ်စား အရှေ့ပိုင်းခရိုင်တရားရုံးမှ ခန့်အပ်ခြင်းခံရသူ ဘီလစ် ဒေါ်မင်းမင်းကြိုင်[၉/ခမစ(နိုင်)၀၀၄၆၂၁]မှ ၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်(၃၆၁/၂၀၁၄)၏ စီရင်ချက်၊ တရားမဇာရီမှုအမှတ်(၁၁၆/၂၀၁၄)၏ တရားရုံးနေ့စဉ်မှတ်တမ်းတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# ဓာတ်ငွေ့ပိုက်လိုင်းမှ ဓာတ်ငွေ့များ ယိုစိမ့်သည်ဟု ယူဆရသောကြောင့် လုံခြုံရေးများချထား

**ပုသိမ်၊ နိုဝင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ ဒါးကကျေးရွာ၊ မြဝတီရပ်ကွက်၊ ရန်ကုန်-ပုသိမ် ကားလမ်း၊ မိုင်တိုင်အမှတ် ၂၂/၁ နှင့် ၂၂/၂ အကြား၊ ဦးကျော်မြင့်၏ နေအိမ်အရှေ့ ပေ ၅၀ ခန့်အကွာ၊ ကားလမ်းမနှင့် ပေ ၃၀ ခန့်အကွာနေရာ၌ နိုဝင်ဘာ ၄ ရက် ညနေ ၄ နာရီ ၂၀ မိနစ်က မိုးရွာပြီး ရေအိုင်နေသော နေရာအောက်မှ လေတွန်းကန်မှုကြောင့် ရေပွက်များထနေရာ အဆိုပါနေရာသည် ညောင်တုန်းမြို့မှ သာပေါင်းမြို့၊ ပျော့ဖတ်စက်ရုံသို့ ပေးပို့သော ဓာတ်ငွေ့ပိုက်လိုင်းနှင့် နီးကပ်နေသဖြင့် ဓာတ်ငွေ့ပိုက်လိုင်းမှ ဓာတ်ငွေ့များ ယိုစိမ့်သည်ဟု ယူဆရသောကြောင့် ကန်ကြီးထောင့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်တပ်ဖွဲ့၊ ကျွန်းလျားရှည် ဓာတ်မြေဩဇာစက်ရုံများသို့ ဆက်သွယ်အကြောင်းကြားခဲ့သည်။

အဆိုပါနေရာသို့ ကန်ကြီးထောင့်မြို့နယ်၊ မြို့မ ရဲစခန်းမှူး ဒုရဲမှူးတင်ဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ စခန်းမှူး ဒု-ဦးစီးမှူး ဦးကိုကိုနိုင် ပါဝင်ပြီး၊ မီးသတ်ယာဉ်တစ်စီး၊ ဒါးကကျေးရွာမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ရောက်ရှိလာပြီး အခင်းဖြစ်ပွားသည့်နေရာနှင့် ပေ ၇၀ ပတ်လည်တွင် ကား၊ ဆိုင်ကယ်၊ ပြည်သူများ သွားလာခြင်းမပြုရန် တားမြစ်ထားပြီး စောင့်ကြည့်လျက်ရှိသည်။

၎င်းနေရာသို့ ညောင်တုန်းမြို့ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ အင်ဂျင်နီယာမှူး ဦးလှမြင့်နှင့် အလုပ်သမား ၁၀ ဦး ပါဝင်သောအဖွဲ့ ရောက်ရှိလာပြီး ဂက်စ်ပိုက်လိုင်းပေါက်ခြင်းအား ပြုပြင်မှုပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

# မင်္ဂလာဒုံမြို့နယ် ရတနာသီရိဈေး ဒုတိယအကြိမ် စုပေါင်းမဟာဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်း

**ရန်ကုန်၊ နိုဝင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မင်္ဂလာဒုံမြို့နယ် ရန်ကုန်-ပဲခူးလမ်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရတနာသီရိဈေး (ထောက်ကြန့်) ဈေးသစ်၌ ဈေးတာဝန်ခံနှင့် ဈေးသာယာရေးအဖွဲ့မှ ကြီးမှူး၍ အလှူရှင် ဈေးသူ ဈေးသားများ၏ ဒုတိယအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်လှူဒါန်းပွဲကို နိုဝင်ဘာ ၄ ရက် နံနက် ၈ နာရီက ကျင်းပခဲ့သည်။

အဆိုပါလှူဒါန်းပွဲတွင် မင်္ဂလာဒုံမြို့နယ် (နွယ်ခွေ) ရွာသစ်ရပ်ကွက်ရှိ ရွှေကျီးပင်ကျောင်းဆရာတော် ဦးတေဇနိယ (သာသနဓဇ ဓမ္မာစရိယ) အား အမှူးထား၍ သံဃာတော်အရှင်သူမြတ်တို့အား ငွေကျပ် သိန်း ၇၀ ကျော်တန်ဖိုးရှိ ကထိန်ပဒေသာပင်များနှင့် ကထိန်သင်္ကန်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် ရွှေကျီးပင်ဆရာတော် ဦးတေဇနိယ (သာသနဓဇ ဓမ္မာစရိယ) က ကထိန်အလှူအနုမောဒနာတရားများ ဟောကြားပြီး အလှူရှင်များ၊ ဈေးသူ ဈေးသားများ၏ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။

**မောင်ယဉ်ဦး(ဒလ)**

# စားသုံးသူ ကာကွယ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရန် ဆိုးဆေး စစ်ဆေးသည့် ကိရိယာနှင့် ဆက်စပ်ပစ္စည်းများ ဝယ်မည်

**မန္တလေး၊ နိုဝင်ဘာ ၇**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနမှ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာများ ဆောင်ရွက်ရန်အတွက် အစားအသောက်များတွင် ပါဝင်သည့် ဆိုးဆေးများစစ်ဆေးပေးနိုင်သော ပစ္စည်းကိရိယာနှင့် ဆက်စပ်အသုံးပြုသည့် ပစ္စည်းများအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာနက ဝယ်ယူမည်ဖြစ်ရာ နိုဝင်ဘာ ၁၂ ရက် နောက်ဆုံးထား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ထားသည်။



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနတို့ပူးပေါင်း၍ မန္တလေးဈေးချိုဧရိယာအတွင်း မုန့်ဆိုင်တန်းသို့ ရှောင်တခင်သွားရောက်ပြီး ဈေးကွက်အတွင်း ရောင်းချနေသော အစားအသောက်များမှ ပစ္စည်းနမူနာ ၃၄ မျိုးအား ကောက်ယူပြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနသို့ ပို့ဆောင်ဓာတ်ခွဲစစ်ဆေးခဲ့ရာ ဝေဖာ၊ ဂျယ်လီ၊ ရောင်စုံချိုချဉ်ပြား၊ ငရုတ်သီးပုံချိုချဉ်ချောင်း၊ ပန်းပွင့်ငရုတ်ဆီ၊ Red Sport Energy Drink တို့မှာ အစားအသောက်တွင်သုံးခွင့်မပြုသော ဆိုးဆေးများပါဝင်ကြောင်း တွေ့ရှိသဖြင့် ဈေးကွက်အတွင်း ရောင်းချခြင်းမပြုရန် အသိပေးတားမြစ်ထားကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# နှစ်လုံးထီလောင်းကစားပြုလုပ်သူ အရေးယူထား

**နေပြည်တော်၊ နိုဝင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်နေ ဝေလင်း အသက် ၄၂ နှစ်၏ နေအိမ်တွင် နိုဝင်ဘာလ ၄ ရက် ညနေ ၃ နာရီ ၄၅ မိနစ်က လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ အောင်ပင်လယ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေခဲ့သည်။

ထိုသို့ရှာဖွေရာ ဝေလင်းအား နှစ်လုံးထီလောင်းကစားရာတွင်အသုံးပြုသည့် စာရွက်စာတမ်းများ၊ လောင်းကြေးငွေကျပ် ၈၃၀၀၀ နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သောကြောင့် အောင်ပင်လယ်နယ်မြေရဲစခန်းက(ပ)၃၈၈/၂၀၁၄၊ လောင်းကစားဥပဒေပုဒ်မ ၁၅(က)/၁၆(က)ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# နံရံကပ်စာပေရေချမ်းစင်များ ထားရှိဆောင်ရွက်

**လှိုင်းဘွဲ့၊ နိုဝင်ဘာ ၇**

လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ကျေးရွာပြည်သူများ အသိပညာ ဗဟုသုတ ရရှိစေရန်အတွက် နံရံကပ်စာပေရေချမ်းစင်သုံးခုကို ပြည်သူ့ဝန်ဆောင်မှုအဖြစ် ထားရှိရာ တခွက်ဖိုးကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် တစ်ခု၊ ကမော့လဲ(မအဲ) ကျေးရွာလမ်းဆုံဇရပ်တွင် တစ်ခု၊ နွဲ့ပညာကျေးရွာလမ်း ဈေးဆိုင်ရှေ့တွင်တစ်ခု ထားရှိပေးထားကြောင်း သိရသည်။

လှိုင်းဘွဲ့မြို့ပေါ်တွင် စာပေရေချမ်းစင် ငါးခုထားရှိရာ မြို့မဈေးတွင် စာပေရေချမ်းစင် တစ်ခု၊ လှိုင်းဘွဲ့ကားဂိတ်တွင် စာပေရေချမ်းစင်တစ်ခု၊ မြန်မာ့စီးပွားရေးဘဏ်တွင် စာပေရေချမ်းစင် တစ်ခု၊ အာဇာနည်းလမ်းနှင့် မင်္ဂလာလမ်းဆုံတွင် တစ်ခု၊ အ. မ. က(၃) လမ်းဆုံတွင် တစ်ခု ထားရှိပေးထားသည်။ စာပေရေချမ်းစင်စာအုပ်များ ထားရှိပေးခြင်းကြောင့် စာပေဝါသနာရှင်များအတွက် အလွယ်တကူဖတ်ရှုနိုင်သဖြင့် အကျိုးရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

CALIFORNIA UNITEC
Institute of Engineering
edexcel
Approved Centre No. 93845



15th January 2015 တွင်ဖွင့်လှစ်မည့် Civil Engineering တန်းခွဲသစ် အတွက် ကျောင်းသူ/ကျောင်းသားများအားစတင် လက်ခံနေပါပြီ။

**BTEC HND Higher National Diploma in Civil Engineering**

- ကမ္ဘာ့အဆင့်မီ အရည်အသွေးပြည့်ဝသော Civil Engineer ဖြစ်လိုသူများအတွက် BTEC HND Civil Engineering Course များကို အင်္ဂလန်နိုင်ငံမှ Pearson - Edexcel သင်ရိုးညွှန်းတမ်းအတိုင်း တိကျစွာသင်ယူနိုင်ရန် နိုင်ငံခြားတက္ကသိုလ်ကြီးများ (အမေရိကန်၊အင်္ဂလန်၊နယူးဇီလန်၊ဂျပန်၊စင်ကာပူ၊ထိုင်း၊ဖိလစ်ပိုင်) မှ Ph.D, Master of Engineering ဘွဲ့ရ Engineer များကိုယ်တိုင် နိုင်ငံခြားတက္ကသိုလ်ကြီးများမှ သင်ကြားပုံ နည်းစနစ်များအတိုင်း စာတွေ့လက်တွေ့ (Practical & Site Visits) များဖြင့် နိုင်ငံတကာအဆင့်မီ စနစ်တကျ English- Myanmar (၂)ဘာသာဖြင့် သင်ကြားပေးနေပါသည်။
- California Unitec မှ ကျောင်းသူကျောင်းသားများသည် Edexcel UK မှ Assignment များလာရောက်စစ်ဆေးမှုများတွင် Merits & Distinctions များကို Very High Quality Standard အရည်အသွေးမြင့်မားစွာဖြင့် အောင်မြင်မှုများရရှိနေကြပါသည်။
- ၁၀တန်း၊ GCE "O"Level အောင်၊ တက္ကသိုလ်ပထမနှစ် → Civil Engineering Foundation Course
- GCE "A"Level , တက္ကသိုလ်ဒုတိယနှစ်အောင်၊ GTC/GTU ဒုတိယနှစ်အောင် → HND (Level 4 ) → HND (Level 5)
- HND Higher National Diploma ပြီးပါက B.E (Hons) Civil Engineering ဘွဲ့ကို California Unitec တွင်ဆက်လက်တက်ရောက်နိုင်ပါသည်။

Block C နှင့် D ကြား၊ 3F (တတိယထပ်)၊ ပုလဲကွန်ဒို၊ ကမ္ဘာအေးစေတီလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
09 250 555 558, 09 250 555 559, 09 255 71 72 30, 09 255 71 72 40, 09 421 00 55 44
www.californiaunitec.com www.facebook.com/californiaunitec

သံချည်သံကွေးလုပ်ငန်းကျွမ်းကျင်သူ
ဆက်သွယ်ရန်
Ph:09-798442204,
09-5162346

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**
တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၁၂ မြေကွက်အမှတ်-၇၀၃/က၊ မြေကွက်တည်နေရာအမှတ် ((၇၀၃/က)၊ မေတ္တာလမ်း (၁၂) ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ (ဦးသက်တင်) အမည်ပေါက်နှစ် (၆၀)ဂရန် မြေအားအမည်ပေါက်(ဦးသက်တင်) ကွယ်လွန်သဖြင့်ဇနီးဖြစ်သူ ဒေါ်သန်း သန်း သည် (၁၂/ဥကတ (နိုင်)၀၃၁၀၆၁) က ပိုင်ဆိုင်ကြောင်းစာချုပ် -၃၅၇၈(၇-၇-၁၄) ဖြင့်ရရှိပြီးဂရန်ပျောက်ဆုံးကြောင်းတရားရုံး ကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်တို့တင်ပြ၍ နှစ် (၆၀)မြေငှားစာချုပ်(ဂရန်) မိတ္တူလျှောက်ထားလာရာခိုင်လုံသောအထောက်အထားများဖြင့်(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# သမီးလေး၊ ညီမလေး ဒေါက်တာမိုးပြည့်စုံအေး

# (၇)နှစ်ပြည့်တောင်းဆုမွန်

- ♦ တစ်နေ့မှ မေ့မရ သမီးငယ်။
- ♦ ပြုသမျှ ကုသိုလ်တွေ သမီးကိုလေ ရည်စူး။
- ♦ ရက်တွေသာ ခါခါဟောင်း ပြန်ပြောင်းမြင်တယ်။
- ♦ စား, ဝတ်, နေ အစုံပြည့်ကာ ရဘိအထူး။

**၇-၁၁-၂၀၁၄**

**ချစ်ဖေဖေ ဦးမြ-ချစ်မေမေ ဒေါ်အေးသန်း**

**မမကြီး၊ ကိုကြီး၊ ကိုလေး**

**အေးမြပြည့်စုံကုမ္ပဏီနှင့် မြတ်အိန္ဒြေကုမ္ပဏီမိသားစု**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ စိန်ချယ်လမ်း၊ အမှတ်(၁၇၄)ရှိ ပေ(၂၅×၂၃)မြေကွက်နှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စန္ဒာဝင်း[၁၂/ဥကမ(နိုင်)၁၈၈၄၅၇]ထံမှ ကျွန်ုပ်က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခိုင်သဇင်[၁၂/ဒဂန(နိုင်)၀၂၆၃၆၄]**
**အမှတ်(၁၇)၊ နဝဒေးလမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၂၄၂၁၈၄၊ ၀၉-၄၃၁၉၂၇၃၃**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ မဟာဆွေ(၁)လမ်း၊ (၁၉/က)နေ ဒေါ်ခင်စုစုလွင်[၁၂/ လမန(နိုင်)၁၄၀၂၈၇]၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အောင်မြေသာလမ်း၊ အမှတ်(၅၀၂၊ ၅၀၃-က/ခ)မြေပေါ်တွင် မြေရှင်နှင့် Sein CC Naing Construction Group တို့ နှစ်ဦးသဘောတူ ဆောက်လုပ်မည့် ကန်ထရိုက်တိုက်၏ ကန်ထရိုက်တာပိုင်အခန်းဖြစ်သည့် ဒုတိယထပ်(ခြေရင်း) ပေ(၁၅×၃၀)ရှိအခန်းအား တိုက်ခန်းကြိုပွဲ့င်စနစ်ဖြင့် ကန်ထရိုက်တာ ဒေါ်စီစီမာ[၁၂/မရက(နိုင်)၁၃၃၆၆၄]ထံမှ ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေတစ်ဦးမှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ မြေစတူးလျှင် ဒုတိယအရစ် ငွေပေးချေမည်ဖြစ်သောကြောင့် ယင်းတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့် တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အထက်ပါတိုက်ခန်းအား အရောင်းအဝယ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နီလာခိုင်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၄၇)**
**အမှတ်(၄၀/၂၅)၊ ဘုရားလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၁၆၅၇၇၄**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
## ၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၁၂

| | | |
|---|---|---|
| ဒေါ်ဝါးဝါး (၄င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ရွှေအိမ်စည်) | နှင့် | ၁။ ဦးစိန်မြင့်၊ ၂။ ဦးဇော်ဝင်းမြတ် ၃။ မသန္တာ၊ ၄။ မနန်းအေးလဲ့ရည် ၅။ မောင်ကောင်းမြတ်နိုး၊ ၆။ မသက်ငုံဖူး |
| **တရားလို** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းမြောက်ရပ်ကွက်၊ ဗားဂရာလမ်း၊ အမှတ် ၁၃၆၊ ဂလ္လာ(စီ)နေ (၁)တရားပြိုင်ဦးစိန်မြင့် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက နာမည်ငှားဖြင့် ဝယ်ယူထားသော တိုက်ခန်းသည် တရားလိုပိုင် တိုက်ခန်းဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် လက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ်၊ နိုဝင်ဘာလ ၂၅ရက်(၁၃၇၆ခုနှစ်၊ နတ်တော်လဆန်း ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာ မရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ(၄)ရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ်၊ နိုဝင်ဘာလ ၃ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်သစ်ဆွေ)**
**ဒုတိယခရိုင်တရားသူကြီး(၇)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
## ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
## ၂၀၁၄ - ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၁၀

| | | |
|---|---|---|
| ၁။ ဦးထွန်းသိန်း ၂။ ဒေါ်ခင်လှ | နှင့် | ၁။ ဦးမြင့်အောင် ၂။ ဒေါ်တင်တင်မေ ၃။ ဒေါ်ရင်ရင်မေ |
| **တရားလိုများ** | | **တရားပြိုင်များ** |

အမှတ်(၁၀၄၃)၊ပြည်ထောင်စုလမ်းမကြီး၊ ၄၅ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက် ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(ယခုနေရပ်လိပ်စာမသိသူ)နေ (၃)တရားပြိုင် ဒေါ်ရင်ရင်မေ သိစေရမည်။

သင့်အပေါ်၌ တရားလိုက ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ ဦးလွန်းလမ်း၊ အမှတ်(၂၀)၊ မြေညီထပ် ခေါင်းရင်းခန်းတိုက်ခန်းအား တရားမကျင့် ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၁၀၃ အရ ဒီကရီကျတိုက်ခန်းအား လက်ရှိရရန် ပိုင်ဆိုင်ခွင့် မြွက်ဟဒီကရီရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍၊ သင်ကိုယ်တိုင် ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ် တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ၊ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်နေ့ (၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်)နေ့မွန်း မတည့်မီ (၁၀း၀၀) နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမ ရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်း မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင် သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၃၁) ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(နီနီ)
ဒုတိယခရိုင်တရားသူကြီး (၄)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

---

## ဒေါ်ခင်မြသွေး[၁၂/ဥကတ(နိုင်)၀၆၀၃၇၁]နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၂၀)ရပ်ကွက်၊ အပိုင်(၇)၊ ဝေပုလ္လ(၁)လမ်း၊ အမှတ်(၅၇၃)နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ရမ်ဇန်ဘီဘီ(ခ)ဒေါ်ခင်မာတင်(ABN-၀၄၅၉၁၇) (ဘ)ဦးဆာဒစ်ဟူစိန်သည် ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ (၁၀)လမ်း၊ အမှတ်(၈၄၆)နေ ဒေါ်ခင်မြသွေး[၁၂/ဥကတ(နိုင်)၀၆၀၃၇၁](ဘ)ဦးလှမြင့်အား ၆-၁-၂၀၁၃ရက်တွင် ရန်ကုန်မြို့၊ ကုန်သည်လမ်း၌ နိုတြီရှေ့နေကြီး ဦးအေးမောင် (B.Com,BL)ရုံးခန်း၌ အထွေထွေကိုယ်စားလှယ်လွှဲစာ(G.P) အမှတ်စဉ်(၃၀၀/၂၀၁၄)အား ပြုလုပ်ပေးခဲ့ပါသည်။

အဆိုပါ အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းကြောင်း ၂၆-၉-၂၀၁၄ရက်ထုတ် မြဝတီသတင်းစာ စာမျက်နှာ(ကြော်ငြာ/၂၃)တွင် အများသိစေရန် ကြေညာခဲ့ပြီးဖြစ်ပါသည်။ ဒေါ်ရမ်ဇမ်ဘီဘီ(ခ)ဒေါ်ခင်မာတင်မှ ဒေါ်ခင်မြသွေးအား လွှဲအပ်ထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာ (G.P)အား ပြန်လည်ရုပ်သိမ်းပြီးဖြစ်ပါကြောင်း ဒေါ်ခင်မြသွေးနှင့် အများသိစေရန် ထပ်လောင်းအသိပေး ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **ဒေါ်ရမ်ဇန်ဘီဘီ(ခ)ဒေါ်ခင်မာတင်၏** |
| **ဒေါ်ရမ်ဇန်ဘီဘီ(ခ)ဒေါ်ခင်မာတင်** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **(ABN-045917)** | **ဦးလှသိန်း** |
| | **B.Sc,H.G.P,R.L,D.B.L** |
| | **ဥပဒေအကျိုးဆောင်နှင့်ဥပဒေအတိုင်ပင်ခံ** |
| | **(စဉ်-၂၁၂၄၂)** |
| | **ဖုန်း-၀၉-၄၂၀၀၉၇၉၀၄** |

---

**ပျောက်ဆုံးကြောင်း**

ကျွန်တော် စောအောင်ဝင်း[၁၄/ဒဒရ(နိုင်)၀၇၉၅၂၃] ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်-၅၆၀၆၇၀မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **ဖုန်း-၀၉-၄၂၀၁၃၄၈၄၃**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀
## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၁၄ခုနှစ်၊ တရားမကြီးအမှုအမှတ်(၁၁၂)

| | |
|---|---|
| ၁။ ဟာဂျီဦးစိန်အေး(ခ)M.M အဗ္ဗဒူလ်ဂနီ အမှတ်(၃၁၁)၊ ဗညားဒလလမ်း အရိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၁။ ဟာဂျီ SM မိုဟာမက်ဂျမား(လ်) |
| ၂။ VMJ မိုဟာမက်ဆစ်ဒစ်(ခ)ဦးကျော်ခင် အမှတ်(၁၅)၊ ၅လွှာ၊ ၅၆လမ်း၊ (၂)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၂။ ဟာဂျီ MI မိုဟာမက်ရဖီ |
| | ၃။ ဟာဂျီ SP မိုဟာမက်ဟာနီဖာ |
| | ၄။ ဟာဂျီ BMK မိုဟာမက်အစ္စမိုင် |
| | ၅။ ဟာဂျီ ဦးကျော်သိန်း |
| | ၆။ ဟာဂျီ VSN ဦးကရင်း(မ်) |
| | ၇။ ဟာဂျီ KAT နာဂူးရ်မီရာ |
| | ၈။ ဟာဂျီ SM မွတ်စ်တဖား |
| | ၉။ ဟာဂျီ SKမိုဟာမက်ဂနီ |
| | ၁၀။ ဟာဂျီ MPA အဗ္ဗဒူလ်ဝါဟား(ပ်) |
| | ၁၁။ ဟာဂျီ ဦးဂျမား(တာမွေ) |
| | ၁၂။ ဟာဂျီ ဦးဆွာဒစ်(ခ)ဦးတင်ရွှေ |
| | ၁၃။ ဟာဂျီ ဦးဆူလ်တန် |
| | ၁၄။ ဟာဂျီ SEKနူရှာဟူလ်ဟာမီ(သ်) |
| | ၁၅။ ဟာဂျီ SMA မဂျစ် |
| | ၁၆။ ဟာဂျီ AM မီရာမိုဟိုက်ဒင် အမှတ်(၁၁၄)၊ ဗိုလ်ဆွန်ပက်လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ (၁၀)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| **တရားလိုများ** | **တရားပြိုင်များ** |

အမှတ်(၁၁၄)၊ ဗိုလ်ဆွန်ပက်လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ (၁၀)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ တရားပြိုင်များဖြစ်ကြသော ဟာဂျီ MI မိုဟာမက်ရဖီ၊ ဟာဂျီ BMK မိုဟာမက်အစ္စမိုင်၊ ဟာဂျီ VSN ဦးကရင်း(မ်)၊ ဟာဂျီ AKTနာဂူးရ်မီရာ၊ ဟာဂျီ SM မွတ်စ်တဖား၊ ဟာဂျီ SKမိုဟာမက်ဂနီ၊ ဟာဂျီ MPA အဗ္ဗဒူလ်ဝါဟား(ပ်)၊ ဟာဂျီ ဦးဂျမား(တာမွေ)၊ ဟာဂျီ ဦးဆွာဒစ်(ခ)ဦးတင်ရွှေ၊ ဟာဂျီ ဦးဆူလ်တန်၊ ဟာဂျီ SEK ရှာဟူလ်ဟာမီ(သ်)၊ ဟာဂျီ SMA မဂျစ်၊ ဟာဂျီ AMမီရာမိုဟိုက်ဒင် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက တရားပြိုင်များအပေါ် တရားမကျင့်ထုံးဥပဒေပုဒ်မ၉၂(၁)အရ ပြည်ထောင်စုရှေ့နေချုပ်၏ တရားစွဲဆိုခွင့်ပြုမိန့်အရ "၁။ရွေးကောက်ထားသော တရားဝင်ဂေါပက ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ ယုံမှတ်အပ်နှံခံရသူ သက်တမ်းလွန်ဂေါပက (သို့မဟုတ်) တရားဝင်စီမံအုပ်ချုပ်သူများကို ထုတ်ပယ်ရန်၊ ၂။ တရားရုံးတော်၏အမိန့်မရှိဘဲ မိမိသဘောအလျောက် ဖွဲ့စည်းထားသော ကြီးကြပ်ရေးကော်မတီဝင်များကို ထုတ်ပယ်ရန်၊ ၃။ စကင်းမ်နှင့်အညီ ဂေါပကလူကြီးများနှင့် ကြီးကြပ်ရေးကော်မတီဝင်များအသစ်ကို ခန့်ထားရန်၊ ၄။ လက်ရှိတာဝန်ခံသည်ဆိုသူများက တရားဝင် ရွေးကောက်တင်မြှောက်ခံရသူတို့ထံတွင် ဂေါပကတာဝန်များကို လွှဲပြောင်းပေးရန်၊ ၅။ မူလစကင်းမ်ပါ အတိုင်း ဝင်ငွေ၊ ထွက်ငွေများကိုသုံးစွဲခြင်းရှိ၊ မရှိအသိအမှတ်ပြုသည့် စာရင်းစစ်များမှ စိစစ်ပြီး ရှင်းတမ်းရေးဆွဲအတည်ပြုရေးကို ရုံးတော်မှညွှန်ကြားစေရန်။ ၆။ စကင်းမ်မှပြဋ္ဌာန်းချက်အတိုင်း ရုံးတော်မှ ခွင့်ပြုချက်ဖြင့် ယုံမှတ်အပ်နှံသည့်ပစ္စည်းများကို မြေအမည်ပြောင်းခြင်း၊ အဆောက်အအုံအသစ်ဆောက်လုပ်ခြင်း၊ ပြုပြင်မွမ်းမံပြင်ဆင်မှု/ရောင်းချခြင်း/ငှားရမ်းခြင်း/ လဲလှယ်ခြင်းပြုနိုင်ရေးအတွက် တာဝန်နှင့် အခွင့်အာဏာကို ရုံးတော်မှ ယာယီအားဖြင့် တရားလိုအား ခန့်အပ်တာဝန်ပေးရန်၊ ၇။ မူလစကင်းမ် စည်းမျဉ်းစည်းကမ်းများကို ဖြည့်စွက်ပြင်ဆင်ခြင်း၊ နုတ်ပယ်ခြင်း၊ ခေတ်နှင့်လျော်ညီသော စကင်းမ်ရေးဆွဲစေခြင်းအတွက် ရုံးတော်မှ ညွှန်ကြားပေးတော်မူပါရန်၊ ၈။တရားပြိုင်အားလုံးကို ထုတ်ပယ်ပြီး လူသစ်များကို ခန့်ထားနိုင်ရေးအတွက် ရွေးကောက်ပွဲတာဝန်များကို တရားလိုများမှ ဦးဆောင်၍ ဆောင်ရွက်စေရန် သဘာဝအလျောက် လိုအပ်သောသက်သာခွင့်နှင့် အခွင့်အရေးများအတွက် လျှောက်ထားခြင်းဟု"တရားလိုများက လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါသည်ဖြစ်စေ၊ ၂၀၁၄ခုနှစ်၊ နိုဝင်ဘာလ ၁၈ရက်၊ (၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်၁၂ရက်) ၁၄း၀၀နာရီတွင် အထက်ပါ အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ ၄ ရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**
**(ခင်နွဲ့နွဲ့)လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

ကြော်ငြာ

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးကျော်စိန့်(ငြိမ်း)
### ကြည်း-၆၂၈၆၊ မော်ကွန်းဝင်(ဒုတိယဆင့်)
### ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း
## အသက်(၉၄)နှစ်

အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်အဖွဲ့ဝင် ဗိုလ်မှူးကြီးကိုကိုမောင်(ငြိမ်း)-ဒုတိယရဲမှူးဒေါ်ခင်ဝင်းကျော်(ငြိမ်း)တို့၏ဖခင်ကြီး ဗိုလ်မှူးကျော်စိန့်(ငြိမ်း) အသက်(၉၄)နှစ်သည် ၂-၁၁-၂၀၁၄ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးခင်အောင်မြင့်၊ ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမြင့်ကြွယ်(မောင်မြင့်ကြွယ်)

စာရေးဆရာ မောင်မြင့်ကြွယ် ၆-၁၁-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါ၍ ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးတင်ခ(တက္ကသိုလ်တင်ခ)**
**ဇနီး ဒေါ်မြင့်မြင့်မိသားစု**

## (၁)နှစ်ပြည့်လွမ်းဆွတ်တမ်းတ အမျှဝေပေးခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ကျေးဇူးရှင်မေမေဒေါ်ကျင်ထွေး
### အောင်သပြေ ရတနာဆိုင်၊ အင်းစိန်ဈေးကြီး

စည်းကမ်းနဲ့ ပညာအမွေ ပေးခဲ့ရုံမက သားသမီးတွေရဲ့ အခက်အခဲမှန်သမျှ ဖြေရှင်းပေးနိုင်ခဲ့တဲ့ မေမေရေ---

မေမေ ပြန်ရောက်ရင် အိမ်လှလှလေး ပြင်ဆောက်ပြီး သမီးနဲ့အတူ တစ်သက်လုံးနေမယ်ဆို၊ သားအမိနှစ်ယောက် စကားတွေ တစ်ဝကြီးပြောကြမယ်ဆို။ အခုတော့ မေ့အချစ်ဆုံးမြေးနဲ့ သမီးတို့ကို ခြေရာပုံရိပ်လေး မေ့ကိုယ်စားပေးပြီး အရင်လို အလွမ်းပြေ Ph:လေးတောင် ဆက်လို့မရနိုင်တဲ့ ခရီးရှည်ကို ထွက်သွားခဲ့ပြီနော်. . . .

အနှစ်(၂၀)အတွင်း ယောင်နောက်လိုက်ခဲ့တဲ့ ဆံထုံးလေးရဲ့ ကျက်သရေဆောင် ဆံထိုးလေးမေမေနဲ့ အတူ ရောက်ခဲ့ကြတဲ့ မန္တလေး မဟာမြတ်မုနိဘုရားကြီးနဲ့ ကျိုင်းတုံမြို့က ရုပ်တော်မူဘုရားကြီးမှာ ၆-၁၁-၂၀၁၄ ရက်နေ့က ရွှေဆိုင်းတွေ ကပ်လှူပေးခဲ့ပါတယ်။ တပ်ရင်းမှာလည်း စုပေါင်းရဟန်းခံရှင်ပြုအလှူ၊ သိမ်ထပ်ခြင်းအလှူ၊ ဘုံကထိန်အလှူတွေ ပြုလုပ်လှူဒါန်းခဲ့ပါတယ်။

မောင်နှမတွေ စုပေါင်းအလှူမှာ ကုသိုလ်ပါဝင်ခဲ့တဲ့အပြင် လစဉ်လည်း ဆွမ်းဆက်ကပ် လှူဒါန်းပေးလျက်ရှိပါတယ်. . .

ဒီ(၁)နှစ်တာ ကာလအတွင်း မေမေ့အတွက် ရည်စူးပြီး သမီးတို့မိသားစု ပြုလုပ်လှူဒါန်းတဲ့ ကောင်းမှုကုသိုလ်အစုစုတို့ကို အမျှဝေပါတယ်---

မေမေရောက်ရာဘုံဘဝက သာဓုခေါ် ဆိုနိုင်ပါစေ----။

**သမီး- ဒုမှူးကြီးဇော်ဝင်းအောင်-ဒေါ်ဝါဝါဝင်း**
**မြေး- မခြူးပန်းနွယ်**
**မောင်ကျော်ဇေဝဏ္ဏ**

## ဦးသာထွန်း(ခ)ဦးဖိုးသာအောင် (၆၁)နှစ်
### (စစ်တွေ)

